ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (22-3-2006) (၄၉၀၇)

ယခုအခါ မန္တလေးတိုင်းကို အခြေပြု၍ ကုန်စည် ကူးသန်းရောင်းဝယ်မှုနှင့် ကုန်ထုတ်လုပ်မှုတို့သည် တိုးတက်ဖြစ်ထွန်းလျက်ရှိ၊ စက်မှုလုပ်ငန်း အသစ်များလည်း စုစည်းဖြစ်ပေါ်နေ။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ အသက်နဲ့လဲ ကာကွယ်

နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောဟာ အချုပ်အခြာအာဏာပဲ ဖြစ်တယ်။ ဥပဒေပြုရေးအာဏာနဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာဆိုတဲ့ အာဏာသုံးရပ်ဟာ အချုပ်အခြာအာဏာလို့ နားလည်ထားရမယ်။ ဒီအာဏာသုံးရပ်ဟာ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးများရဲ့ လက်ထဲမှာပဲ ရှိနေရမယ်။ ဘယ်တိုင်းတစ်ပါးသားရဲ့လက်ထဲကိုမှ တိုက်ရိုက်ပဲ ဖြစ်စေ၊ သွယ်ဝိုက်၍ပဲဖြစ်စေ ထည့်မထားနိုင်ဘူး။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းနဲ့ ဩဇာလွှမ်းမိုးနေပြီဆိုရင် ဒါဟာ ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းနဲ့ ကျွန်ပြုခြင်းကို ခံနေရပြီလို့ မှတ်ရမယ်။ ဒီတော့ တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်နဲ့လဲပြီး ကာကွယ်သွားရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ-

နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြံ့စည်အားထုတ်မှု၊ နိုင်ငံတော်အပေါ် စေတနာထားမှုတို့ကြောင့် အထက်မြန်မာပြည်အပိုင်းအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိ ဝန်ကြီးဌာနများ မိမိတို့၏ လုပ်ငန်းများကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် ကြိုးစား အကောင်အထည်ဖော်နေ ယင်းဖြစ်ထွန်းအောင်မြင်မှုများအပေါ် ပြည်သူလူထုကလည်း ဝမ်းသာကျေနပ်မှုများဖြင့် အားပေး ထောက်ခံလျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲတွင် ပင်မအလုပ်ရုံ၌ ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အိမ်သုံးကြွေရည်စိမ်ပစ္စည်းများ၊ စတီးလ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၁

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး၌ တည်ဆောက် ပြီးစီးသွားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် အဆိုပါစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ဆင်အကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စက်ရုံမှုခ်ဦး၌ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအေးမောက်၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် စင်ကာပူသမ္မတနိုင်ငံ L & Z Trading & Investment Pte Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Lee Tsu Tien တို့က ဖဲကြိုးဖြတ်၍ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်း စက်ရုံ(မင်းစု)ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

22-3)01.P65 1 1/2/32, 10:42 AM

The Mirror

၂၂-၃-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

အေးချမ်းတည်ငြိမ်မှုနှင့် ညီညွတ်မှုကို အခြေခံ နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ပေါင်းစည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ရာ ယနေ့ကာလတိုင် ဖြစ်သည်။

မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ်သည် ပြည်နယ်များအနက် ဧရိယာအကျယ်ဆုံးဖြစ်ပြီး လူဦးရေငါးသန်းကျော် နေထိုင်လျက်ရှိသည်။ ရှမ်း၊ ဗမာ၊ ကချင်၊ ကိုးကန့်၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ ပအိုဝ်း၊ 'ဝ'၊ လီဆူး၊ အင်းသား၊ ကော၊ ပဒေါင်စသည့် တိုင်းရင်းသား လူမျိုးစုများ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိသော ပြည်ထောင်စုငယ် တစ်ခုအသွင် ရှိနေကြောင်း တွေ့ရသည်။

နိုင်ငံတော်က ရှမ်းပြည်နယ်အပါအဝင် ပြည်နယ်၊ တိုင်းဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးများ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများ နေထိုင်သည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြင့် ကြိုးပမ်းထူထောင်ပေးလျက်ရှိသည်။

ယနေ့ကာလတွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ ငွေကျပ်သန်းပေါင်း ၇၅၀၀၀နီးပါးခန့် သုံးစွဲခဲ့ပြီးဖြစ်သည်။ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များဖြင့် လွှမ်းခြုံဆောင်ရွက်နေသည့် ယနေ့ကာလတွင် ရှမ်းပြည်နယ်သည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အဘက်ဘက်၌ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ရှမ်းပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း မတ်လ ၁၈ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ မြို့တော်ခန်းမ၌ သက်ဆိုင်ရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် **ရရှိပြီးဖြစ်သည့် အေးချမ်းတည်ငြိမ်မှုနှင့် ညီညွတ်မှုတို့ကို အခြေခံပြီး နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ရေးသည် တစ်မျိုးသားလုံး၏ သမိုင်းပေးတာဝန်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု၊ ကြံ့ခိုင်မှု၊ စိတ်ဓာတ်ကောင်းမွန်မှုတို့သည် တစ်မျိုးသားလုံး၏ နိုင်ငံရေးစွမ်းအားဟု ခေါ်ဆိုနိုင်ကြောင်း၊ ဤနိုင်ငံရေး စွမ်းအားဖြင့်ပင် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် နယ်မြေဒေသအလိုက် စီးပွားရေးဖူလုံပိုလျှံအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း** ပြောကြားသွားသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ဖွံ့ဖြိုးမှုနှင့်အတူ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှု၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ သက်ဆိုင်ရာနယ်မြေတာဝန်ခံများ၏ တီထွင်ကြံဆ ကြိုးပမ်းမှုတို့ကြောင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အလားအလာ ကောင်းများ ရရှိနေပြီဖြစ်သည်။

အဆိုပါ အလားအလာကောင်းများကို အခြေခံ၍ ဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းအောင်မြင်နိုင်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် နှစ်ရှည်ရော်ဘာပင်တို့ကို စီမံချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သည်။ ထို့အပြင် ဘိန်းအစားထိုး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေး၊ သီးနှံတစ်ဧက အထွက်နှုန်း တိုးတက်ရေးလုပ်ငန်းများနှင့်အတူ သားငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေးတို့အတွက်ပါ ဟန်ချက်ညီညီ အကောင်အထည် ဖော်သွားကြရမည်ဖြစ်သည်။

ယခုကဲ့သို့ ရှမ်းပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်း၌ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် နိုင်ငံ့ဝန်ထမ်းများက ကဏ္ဍအလိုက်လုပ်ငန်းများကို တက်ညီလက်ညီ ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ဘက်စုံထောင့်စုံမှ တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။ ယင်းသို့ လုပ်ငန်းများကို အောင်အောင်မြင်မြင် လုပ်ကိုင်လာနိုင်ခြင်းမှာ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်စာနာမှု၊ ကူညီရိုင်းပင်းမှုနှင့် ညီညွတ်မှုစသည့် အခြေခံ အကြောင်းတရားများ ပေါင်းစည်းဆောင်ရွက်နိုင်မှုကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် ပေါ်ထွန်းလာရေး ကြိုးပမ်းလျက် ရှိချိန်တွင် တစ်မျိုးသားလုံးက နယ်မြေဒေသ အေးချမ်းတည်ငြိမ်မှုနှင့် စည်းလုံးညီညွတ်မှုကို အခြေခံ၍ အားကြိုးမာန်တက် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၂၁

နှစ်ဖက်သောမိဘများနှင့် အဒေါ်ဒေါ်ရင်ကြည်တို့အား အမှူးထား၍ ဦးဝင်းနိုင်-ဒေါ်မိုးသန္တာအောင်မိသားစုတို့က သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော် မင်္ဂလာကို မတ် ၂၆ရက်၌ ကျင်းပမည်ဖြစ်ပြီး အကြို အထိမ်းအမှတ် ဓမ္မသဘင်အဖြစ် မတ် ၂၄ရက်တွင် ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ဗဟုဇနဟိတဓရ-ပိဋကတ်တစ်ပုံအောင်)၊ မတ် ၂၅ရက်တွင် အောင်စကြာအရှင်စန္ဒသိရီ (ဓမ္မာစရိယ)နှင့် မတ် ၂၆ရက်တွင် ညောင်ပင်သာ ဆရာတော် အရှင်မာလာစာရ (ဓမ္မာစရိယ)တို့က ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ်၇နာရီမှစ၍ ဟောကြားမည်ဖြစ်ရာ တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၆ မှ ၄-၄-၂၀၀၆)
(မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။)

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို၊ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၁

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တိုင်း/ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရောဂါဗေဒဌာန ရောဂါဗေဒပါရဂူ ဗိုလ်ကြီးသန့်ထိန်က သွေးနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ သွေးအိတ်များကို တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်ထံ ပေးအပ်လှူဒါန်းပြီး တပ်မှူးက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်က ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများက သွေးလှူဒါန်းနေကြသော အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား လိုက်လံကြည့်ရှုအားပေးကြသည်။

စုပေါင်းသွေးလှူဒါန်း

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလားတူ စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပရာ သွေးလှူဘဏ်သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အလှူငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ပေးအပ်သည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းနေကြသော အမျိုးသမီး ရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား လိုက်လံကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

သကြ်ၤန်တွင်းစုပေါင်း ဒုလ္လဘရဟန်းခံရှင်ပြုပွဲ

ရန်ကုန် မတ် ၂၁

ပဲခူးမြို့ ဓမ္မရိပ်သာကျောင်းတိုက်၏ (၃၁)ကြိမ်မြောက် သကြ်ၤန်တွင်း စုပေါင်း ဒုလ္လဘရဟန်းခံရှင်ပြုပွဲကို ဧပြီ ၁၁ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမများသည် ပဲခူးမြို့ နာရီစင်ဆရာတော် ဘဒ္ဒန္တသုဇာတမဟာထေရ် ဖုန်း-၀၅၂/၂၁၇၂၅)ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ အမှတ်(၂) တပ်မတော် ဆေးရုံခုတင် (၅၀၀)သို့ ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သွေးအိတ်များ လှူဒါန်းရာ တပ်မှူးဗိုလ်မှူးချုပ်မြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလုပ်ဆင်

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

သမိုင်းအစဉ်အလာကြီးမားသော မျိုးချစ်တပ်မတော်

သန်းသန်းနု



၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် တိုင်းရင်းသားပြည်သူအားလုံးနှင့် တပ်မတော်သားများ ဖက်ဆစ်အန္တရာယ်ကို တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်းတစ်ဝမ်းတည်း တွန်းလှန်ချေမှုန်းခဲ့သောနေ့ ဖြစ်သည်။ ၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် (၆၁)နှစ်ပြည့် မြောက်ပေတော့မည်။ နိုင်ငံတော်က (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်(၄)ရပ် ချမှတ်ထားသည်။ ၎င်းတို့မှာ–

- **အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး၊**
- **နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည် ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊**

ဟူ၍ ဖြစ်သည်။

တပ်မတော်သည် တစ်မျိုးသားလုံးအတွက် အမျိုးသားနိုင်ငံရေးကို ရှေးရှုဆောင်ရွက်နေသည်။ ယနေ့ကာလတွင် တပ်မတော်သည် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို မမိုတ်မသုန်ခံယူကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အတွက် ခေတ်မီတပ်မတော် တည်ထောင်ရာတွင် လူ၊ ပစ္စည်း၊ စွမ်းရည်၊ စိတ်ဓာတ်တို့ တောင့်တင်းခိုင်မာရန် လိုအပ်ပြီး ထိုသို့ တောင့်တင်းခိုင်မာစေရန် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျပေသည်။ ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းတည်ငြိမ်မှသာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးစေရန် ပြည်သူတစ်ရပ်လုံးက ပါဝင်လက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား တိုးတက်ဖွံ့ဖြိုးမှု ရေရှည်ခိုင်မြဲစေရန်မှာ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအား တောင့်တင်းခိုင်မာရေးသည် အဓိကကျသည့်အတွက် စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေးသည် ယနေ့ နိုင်ငံတော်၏ အမျိုးသားရေးလိုအပ်ချက် ဖြစ်ပေသည်။ ထို့ကြောင့် (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်(၄)ရပ်တွင် ခေတ်မီ တပ်မတော် တည်ဆောက်ရေးကို စတုတ္ထအချက်အဖြစ် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

တပ်မတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်ရာတွင် တောင်ပေါ်မြေပြန့် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့်မရ၊ ပြည်သူများအားလုံး ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်ကြမှသာ အချိန်တိုနှင့် လိုရာပန်းတိုင်ကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

နှစ် (၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိ ရှိသေတဲ့ တပ်မတော်ဟာ နိုင်ငံတော်အကျိုးကို စိတ်ကောင်း၊ စေတနာကောင်းနဲ့ သယ်ပိုး ထမ်းရွက်နေတာပဲဖြစ်တယ်။ တပ်မတော်အစိုးရနဲ့ ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်း တို့ကို ဆောင်ရွက်နေကြတာကြောင့် နိုင်ငံတော်က ယနေ့ကာလမှာ ကန့်သတ်ပိတ်ပင် ထိုးနှက်မှုပေါင်းစုံ အကြားကပင်လျှင် တိုးတက်မှု ရရှိနေပြီဖြစ်တယ်"

ဟူ၍ မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်စဉ်က နယ်ချဲ့တို့ကို တွန်းလှန်ချေမှုန်းရာတွင်လည်းကောင်း၊ ဖက်ဆစ်နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ရာတွင်လည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက် နိုင်ငံရေးအယူဝါဒကွဲပြားမှု၊ တိုင်းရင်းသားအချင်းချင်း သံသယပွားမှုများကြောင့် ပေါ်ပေါက်ခဲ့သော ရောင်စုံသောင်းကျန်းမှုများကို နှိမ်နင်းရာတွင်လည်းကောင်း တပ်မတော်သား အမြောက်အမြားသည် အသက်နှင့်ခန္ဓာ ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြရပေသည်။ ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက်ဆူပူမှုအရေးအခင်းတွင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် တပ်မတော်ကပင် တာဝန်ယူ ဆောင်ရွက်ခဲ့ရပေသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းလျက်ရှိနေကြောင်း ထင်ရှားပေသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

"ဒို့တပ်မတော်ဟာ စတင်ဖွဲ့စည်းစဉ်ကပင် ကြေးစားမဟုတ်ဘဲ သစ္စာလေးချက်ကိုသာ ဦးထိပ်ရွက်ပြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဒို့တပ်မတော်သားတွေဟာ လစာရိက္ခာရရချင်ရ မရချင်နေ မည်သည့် အခွင့်အရေးကိုမျှ ရပိုင်ခွင့်လို့ သတ်မှတ်ခံယူခြင်းမပြုဘဲ မျိုးချစ်စိတ်နှင့် အသက်ခန္ဓာကို စွန့်လွှတ်ဖို့ ဝန်မလေးတဲ့သူတွေဖြစ်တယ်"

ဟု တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲတွင် မိန့်ကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေခံအချက်သည် အေးချမ်းသာယာရေးပင်ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို မည်သည့်ခေတ်၊ မည်သည့် အခါနှင့်မျှမတူအောင် တပ်မတော်အစိုးရအနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသား အားလုံးသည် အတိတ်ကသွေးကွဲခဲ့သော လမ်းများပေါ်ကို မည်သည့်အခါမျှ ပြန်လည်မရောက်ရှိစေရန် ပြည်ထောင်စုစိတ်ဓာတ်နှင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မြဲမှ ပြည်တွင်းရန်၊ ပြည်ပရန်များ လွတ်ကင်းပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တပ်မတော်အစိုးရသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ခဲ့သည်။

ယင်းကဲ့သို့ စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် အသိမှန်၊ အမြင်မှန်များရရှိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ အဆိုပါအဖွဲ့ များသည် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီ တပ်မတော် တည်ဆောက်ရေးအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

"ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝဖို့ လိုအပ်တယ်။ လက်ရုံးရည်၊ နှလုံးရည်ဆိုတာ အပြန်အလှန်အထောက်အကူပြုနေတဲ့ အရည်အသွေးတွေဖြစ်တယ်။ တပ်မတော်မှာ လက်ရုံးရည်ဆိုတာ တိုက်ရည်၊ ခိုက်ရည်ဖြစ်တယ်။ နှလုံးရည်ကတော့ စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ဖြစ်တယ်"

ဟု တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲတွင် မိန့်ကြားခဲ့သည်။

သမိုင်းအစဉ်အလာ ကြီးမားသော မျိုးချစ်တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက အခြေခံအချက်သည် အေးချမ်းသာယာရေးပင်ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မျှ မတူအောင် တပ်မတော်အစိုးရအနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ဦးထိပ်ရွက်လျက် ချီတက်မည်

☆ ဒို့မိဘ ဒို့ဘိုးဘွား
ထားခဲ့သည့် ငါတို့ပြည်(ပြေ)။

☆ ကမ္ဘာတည်သရွေ့ မြဲခိုင်ဖို့
ဒို့တစ်တွေ မျိုးဆက်သစ်
မျက်မှောက်ခေတ် တာဝန်ပေ။

☆ အမျိုးသားနိုင်ငံရေးကဏ္ဍနဲ့
စခဲ့လို့တာဝန်ကျေ
အမိမြေလွတ်လပ်ရေး။

☆ မျိုးချစ်တွေ တပ်မတော်ဖွဲ့လို့
နယ်ချဲ့ရန်တွန်းလှန်နွှဲခဲ့
တိုက်ပွဲပေါင်း ရာထောင်ကျော်နဲ့
အောင်တပ်မတော် "မတ် ၂၇"
ဖက်ဆစ်တော်လှန်ရေး။

☆ အသက်သွေးချွေးတွေနဲ့
ရေးခဲ့တဲ့ မှတ်တမ်းမဟာ၊
မနွမ်းစေ မပျက်စေဘဲ
လန်းစေ လက်စေအောင်လို့
ထမ်းရွက်ကြမှာ။

☆ ဒို့တိုင်းပြည် အခြေမြင့်စေဖို့
"ရေနှင့်ကြာ" ဥပမာ
ရှေးရှုကာ လျှောက်လှမ်း။

☆ ပြည်မြန်မာ ထွန်းကားရေးပေမို့
ညီညီညာညာ စွမ်းအားမွေးပါလို့
အရေးသုံးပါး ဦးထိပ်ရွက်
ချီတက်မယ့်လမ်း။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို
ကြိုဆိုဂုဏ်ပြုလျက်

ဖိုးရန်နိုင်(ကျောက်ကြီး)

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ မိုးမျှော် အဆောက်အအုံတစ်ခုပေါ်သို့ ကိရိယာအကူအညီမပါဘဲ တက်နေသည့် ပင့်ကူလူသား အယ်လိန်းရောဘတ်ကို မတ် ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံတွင် အိန္ဒိယကုမ္ပဏီ ဆိုင်ကယ်ထုတ်လုပ်မည်

ဂျကာတာ မတ် ၁၈

အိန္ဒိယနိုင်ငံမှ တီဗွီအက်စ် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ ကာရာဗန်မြို့တွင် အမေရိကန်ဒေါ်လာ ၄၃ သန်း ရင်းနှီးမြှုပ်နှံကာ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံတစ်ရုံကို တည်ဆောက်လျက်ရှိကြောင်း အဆိုပါကုမ္ပဏီက စနေနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားဈေးကွက်တွင် မော်တော်ဆိုင်ကယ်ဝယ်လိုအား တိုးတက်နေခြင်းကြောင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်ခြင်းဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

အဆိုပါ ဆိုင်ကယ်စက်ရုံသည် ဂျာဗားကျွန်းအနောက်ပိုင်းရှိ ကာရာဗန်မြို့တွင် တည်ရှိမည်ဖြစ်ပြီး ဟက်တာ ၄၀ ကျယ်ဝန်းသော မြေနေရာတွင် စက်ရုံကို တည်ဆောက် လျက်ရှိကြောင်း ကုမ္ပဏီ တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ကျီလင်ပြည်နယ်၌ ဟိုတယ် မီးလောင်မှုဖြစ်ပွား ငါးဦးသေ၊ နှစ်ဦး ဒဏ်ရာရ

ချန်ဟာန် မတ် ၂၀

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ်ရှိ ဟိုတယ်တစ်ခု၌ မတ် ၁၈ ရက် ညပိုင်းတွင် မီးလောင်မှု ဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အစိုးရက မတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ယန်ကျီမြို့ရှိ ဇင်ကီအိုဟိုတယ်သည် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါ ဟိုတယ်၌ ဧည့်သည် ၄၀ ကျော် တည်းခိုလျက်ရှိကြောင်း၊ မီးလောင်မှု ဖြစ်ပွားချိန်တွင် အများစုသည် တည်းခိုခန်း၌ မရှိကြောင်း၊ အချို့မှာ မီးလောင်မှုကြောင့် ထိတ်လန့်တကြား ပြေးထွက်လာကြကြောင်း ၎င်းက ပြောဆိုခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ကား၂၆စီးနှင့် မီးသတ်သမား၁၃၆ဦး လာရောက် ငြိမ်းသတ်ခဲ့ကြောင်း၊ အဆောက်အအုံ ခုနစ်ထပ်စလုံး မီးလောင်ပျက်စီးသွားကြောင်း၊ မတ် ၁၉ ရက် အရုဏ်တွင် မီးငြိမ်းသွားခဲ့ကြောင်း ၎င်းကပြောသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြေးလျ အရှေ့မြောက်ပိုင်း၌ လေမုန်တိုင်းတိုက်ခတ် သစ်ပင်များ အမြစ်မှကျွတ်ပြီး အိမ်အများအပြားပျက်စီး

ကင်ဘာရာ မတ် ၂၀

တစ်နာရီလျှင် မိုင် ၁၈၀ နှုန်းထိ အင်အားပြင်းထန်သည့် လေမုန်တိုင်းသည် ဩစတြေးလျနိုင်ငံ၏ အရှေ့မြောက်ပိုင်း ဒေသရှိ ကာရင်မြို့အနီး တနင်္လာနေ့ စောစောပိုင်းက တိုက်ခတ်ခဲ့သဖြင့် သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကုန်ပြီး အိမ်အများအပြား ခေါင်းမိုးများလန်ကာ ပျက်စီးသွားသည်။

လာရီအမည်ရှိ အပူပိုင်းမုန်တိုင်းသည် ဩစတြေးလျ နိုင်ငံ၏ မြောက်ဖျားပိုင်း ကွင်းစလန်ပြည်နယ်မှ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကို ခြိမ်းခြောက်မှုအန္တရာယ်တစ်ရပ်ဖြစ်နေ၍ ထောင်ချီသောလူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း ဩစတြေးလျ မိုးလေဝသဌာနက ပြောကြားသည်။

၁၉၇၄ ခုနှစ်အတွင်းက ဒါဝင်မြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မြို့၏ ၇၀ ရာခိုင်နှုန်းခန့်ပျက်စီးခဲ့ရပြီး လူ ၇၁ ဦး သေဆုံးခဲ့ပြီးနောက် ယခုတိုက်ခိုက်သည့် မုန်တိုင်းသည် အင်အားအပြင်းဆုံးဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန်အတွက် စစ် ရဟတ်ယာဉ်များ အဆင်သင့်ပြင်ထားရန် ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က အမိန့်ထုတ်ပြန်ထားသည်။ သို့ရာတွင် မုန်တိုင်းသည် အဆင့် ၅ မှ အဆင့် ၄ သို့ လျော့ကျသွားပြီဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဩစတြေးလျနိုင်ငံ အင်းနစ်ဖေးမြို့ အရှေ့မြောက်ပိုင်း ကမ်းခြေဒေသတွင် မတ် ၂၀ ရက်က တစ်နာရီမိုင် ၁၈၀ အထိ ပြင်းထန်သည့် ဆိုင်ကလုံးမုန်တိုင်း တိုက်ခတ်ပြီးနောက် ပျက်စီးသွားသော အဆောက်အအုံအချို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီဂျစ်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် လူသေဆုံးမှုဖြစ်ပွား

ကိုင်ရို မတ် ၂၀

အီဂျစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း၊ ယင်းဖြစ်ရပ်မှာ နိုင်ငံတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ပထမဦးဆုံးသော သေဆုံးမှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စနေနေ့တွင် ကြေညာသည်။

သေဆုံးသူအမျိုးသမီးမှာ အသက် (၃၀) ရှိပြီး ကိုင်ရိုမြို့၏ မြောက်ဘက် ကီလိုမီတာ ၄၀ အကွာရှိ ကာလူဘီယာပြည်နယ်မှဖြစ်သည်။ ၎င်းသည် ဗုဒ္ဓဟူးနေ့တွင် ဖျားနာမှုဖြစ်ခဲ့ပြီး သောကြာနေ့တွင် သေဆုံးသွား ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

နီပေါအနောက်ဖျားပိုင်း၌ ဘင်္ဂလားကျား ၁၇ ကောင်ကို တွေ့ရှိ

ခတ္တမန္ဒူ မတ် ၂၀

နီပေါနိုင်ငံ အနောက်ဖျားပိုင်း ရိုင်ရယ်လ်ရှစ်လာပန်တာတောရိုင်း တိရစ္ဆာန် ထိန်းသိမ်းရေးတောတွင် တိရစ္ဆာန်မျိုးများ စစ်ဆေးမှုကောက်ယူခဲ့ရာ ဘင်္ဂလားကျား ၁၇ ကောင် ကျန်ရှိသည်ကို တွေ့ခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ရှိသူတစ်ဦးက မတ်၁၉ရက်တွင် ပြောကြားခဲ့သည်။

ခတ္တမန္ဒူမြို့၏ အနောက်ဘက် ကီလိုမီတာ ၈၀၀ ခန့်ရှိ ခန်ချန်ပါဒေသ၌ ခြေရာခံ ကောက်ယူရရှိခဲ့ကြောင်း၊ ကျား အထီး လေးကောင်၊ အမ ၁၀ ကောင်နှင့် ကျားပေါက်သုံးကောင်ကို တွေ့ရှိရကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ ဘီတီရစ်ချက်စ်ဟာရီက သတင်းထောက်များကို ပြောကြားခဲ့သည်။

တောဘုရင်ဟုခေါ်သော ဘင်္ဂလားကျားသည် ကျားမျိုးစိတ်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ထိုကျားများသည် မျိုးသုဉ်းမည့် အန္တရာယ်နှင့် တွေ့ကြုံလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားဆိပ်ကမ်းမြို့၌ ပေါက်ကွဲမှုဖြစ်ပွား

ဆိုးလ် မတ် ၂၀

တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဘူဆန်မြို့၌ ထိန်းသိမ်းထားသော အညစ်အကြေး တန် ၂၀၀၀ ရှိ ကန်တွင် မတ် ၁၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ တန် ၂၀၀ ခန့်ရှိ တိရစ္ဆာန် အညစ်အကြေးများ ပင်လယ်ထဲသို့ စီးဝင်သွားကြောင်း သတင်း တစ်ရပ်၌ ရေးသား ဖော်ပြခဲ့သည်။

စီးဝင်သွား

ဘူဆန်မြို့ရှိ မိလ္လာထိန်းသိမ်းရေး ကုမ္ပဏီ၏ အညစ်အကြေးကန်၌ မတ် ၁၈ ရက် နံနက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါမြို့သည် ဆိုးလ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၄၅၀ ခန့်တွင် တည်ရှိကြောင်း၊ ထိုအညစ်အကြေး စုစုပေါင်း တန် ၁၀၀၀ ခန့်သည် ဘေးပတ်ဝန်းကျင်သို့ လွှင့်စဉ်ကုန်ကြောင်း၊ အညစ်အကြေး စုစုပေါင်း တန် ၂၀၀ခန့်သည် ပင်လယ်ထဲသို့ စီးဝင်သွားကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ဖော်ပြခဲ့သည်။

အသက် (၆၁)နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်းနှင့် အသက်(၄၁)နှစ်ရှိ လုပ်ဖော်ကိုင်ဖက်တို့နှစ်ဦးမျက်နှာတွင် ဒဏ်ရာရရှိခဲ့ကြသည်။

စုံစမ်းလျက်

အဆိုပါကန် ပေါက်ကွဲရခြင်းနှင့် ထိန်းသိမ်းထားရှိမှုနှင့် ပတ်သက်၍ ကုမ္ပဏီ တာဝန်ရှိသူများကို ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က မေးမြန်းစုံစမ်းလျက်ရှိသည်။

ပြောကြား

ထိုအညစ်အကြေးကန်များကိုငါးမီလီမီတာခန့် ထူသော သံမဏိပြားများဖြင့် ပြုလုပ်သုံးစွဲရန် လိုအပ်ကြောင်း၊ သို့သော် ထိုပေါက်ကွဲခဲ့သော ကန်ရှိ သံမဏိပြားများမှာ နှစ်မီလီမီတာခန့်သာထူကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ မက်ဒ်ဟာဗ်အမျိုးသား ဥယျာဉ်အတွင်းဘင်္ဂလားကျားတစ်ကောင်ကို မတ်၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ထားသော အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ်ကို မတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စပိန်နိုင်ငံတွင် စင်းလုံးငှားလေယာဉ်လမ်းချော် ခရီးသည်ခြောက်ဦး ဒဏ်ရာရ

မဒရစ် မတ် ၂၀

ဆဟာရဒေသမှ ဒုက္ခသည်များအတွက် တည်ဆောက်ထားသည့် အယ်လ်ဂျီးရီးယားဒုက္ခသည်စခန်းသို့ သွားရောက်ရာမှ ပြန်လာသည့် စပိန်လူမျိုးများကို တင်ဆောင်လာသော လေယာဉ်တစ်စင်းသည် စပိန်နိုင်ငံ ဗီးလ်လေဆိပ်တွင် စနေနေ့က ပြေးလမ်းချော်သွားသဖြင့် လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

စပိန်မိသားစုက စင်းလုံးငှားထားသည့် အဆိုပါလေယာဉ်သည် ခရီးသည် ၁၀၁ ဦးကို တင်ဆောင်လာခဲ့ခြင်းဖြစ်သည်။ စပိန်မိသားစုများက ဆဟာရဒေသမှ ဒုက္ခသည်ကလေးငယ်များကို အားလပ်ရက်တွင် ၎င်းတို့၏အိမ်သို့ ခေါ်ယူပြီး ပြုစု ခဲ့ကာ တင်ဒေါ့ဖ်မြို့အနီးရှိ ဒုက္ခသည်စခန်းများဆီသို့ အလည်အပတ်သွားရောက်ခဲ့ကြသည်။

အဆိုပါ လေယာဉ်တစ်ဖက်သို့ တိမ်းစောင်းသွားခဲ့ပြီး လေယာဉ်ပြေးလမ်းမှ ချော်ထွက်ကာ လမ်းကြောင်းပြောင်းသွားခြင်းဖြစ်သည်။ ထိုဖြစ်စဉ်ကြောင့် ခရီးသည်များက လေယာဉ်၏အရေးပေါ်ထွက်ပေါက်မှ အပြင်ဘက်သို့ ထွက်ခဲ့ကြရကြောင်း စပိန်ရုပ်မြင်သံကြား အစီအစဉ်တွင် ပြသသွားသည်။ လူ ၄၅ ဦးကို ဆေးရုံသို့ ကုသပေးရန် ခေါ်ယူသွားခဲ့ရာ လူခြောက်ဦးဒဏ်ရာရရှိသည်ကို တွေ့ရကြောင်း ဗီးလ်လေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မွန်ဂိုလီးယားနိုင်ငံ၌ ကျောက်ကပ်အစားထိုးကုသ

အူလန်ဘာတော မတ် ၂၀

မွန်ဂိုလီးယားနိုင်ငံ မြို့တော် အူလန်ဘာတောရှိ ဆေးရုံကြီးတွင် ပထမဦးဆုံးသော ကျောက်ကပ်အစားထိုး ကုသမှုကို မကြာသေးမီက အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း မွန်ဂိုလီးယား သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြ သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုမှာ အချိန် ၁၀ နာရီကြာမြင့်ခဲ့သည်။ လူနာမှာ ဒီအိုယွန် ဆက်ဆက်ဆိုသူဖြစ်ပြီး လူနာမှာ အခြေအနေကောင်းမွန် လျက်ရှိသည်။

အဆိုပါ ခွဲစိတ်ကုသမှုလုပ်ငန်းမှာ မွန်ဂိုလီးယားနိုင်ငံတွင် ပထမဦးဆုံး ပြုလုပ်ခြင်းဖြစ်သည်။ လူနာ၏ အမြွာညီမက ကျောက်ကပ်လှူဒါန်းခဲ့သည်။ မွန်ဂိုလီးယားနိုင်ငံမှ ဒေါက်တာ အယ်လ်ဂျမ်ဘယ်လ်ဂျတ်က တရုတ်နိုင်ငံမှ ဝါရင့်ဆရာဝန်တစ်ဦး၏ အကူအညီဖြင့် ခွဲစိတ်ကုသမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပါကစ္စတန်တွင် လမ်းဘေးဗုံးပေါက်ကွဲ ခုနစ်ဦးထက်မနည်း သေဆုံး

အစ္စလမ္မာဘတ် မတ် ၂၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း နယ်စပ်ပြည်နယ်တွင် တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦးထက်မနည်းနှင့် အရပ်သားတစ်ဦးတို့ သေဆုံးပြီး အခြားလူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အထက်တန်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ထိခိုက်ပျက်စီး

အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့် ဗုံးပေါက်ကွဲမှုကြောင့် အစ္စလမ္မာဘတ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၂၀၀ အကွာရှိ ဒါရာအစ္စမေးခန်းမြို့မှ ရဲတပ်ဖွဲ့ယာဉ်တစ်စီး ထိခိုက်ပျက်စီးခဲ့သည်ဟု ခရိုင်ရဲအရာရှိဖြစ်သူ အလီခါတက်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘုရှ်သည် သူရဲဘောကြောင်သူဖြစ်ကြောင်း ချာဗက်ဇ် ပြောကြား အီရတ်ကို သိမ်းပိုက်ထားမှု ကမ္ဘာတစ်ဝန်း၌ ဆန့်ကျင်

ကာရာကတ်စ် မတ် ၂၀

အမေရိကန်စစ်ဘက်က ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း တိုက်ခိုက်သိမ်းပိုက်လိုက်သည့် လုပ်ရပ်ကြောင့် အမေရိကန် သမ္မတဂျော့ဂျ်၊ဘုရှ်သည် သူရဲဘောကြောင်သူတစ်ဦးဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ကင်ပွန်းတပ် ပြောကြားလိုက်သည်။

တွေ့ဆုံမေးမြန်း

ထို့ပြင် သမ္မတဘုရှ်သည် သတ်လိုဖြတ်လိုစိတ်ရှိသူတစ်ဦးဖြစ်ပြီး သမစိတ္တမမျှသူတစ်ဦးဖြစ်သည်ဟု ရုပ်မြင်သံကြားဌာနတစ်ခုနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

သမ္မတဘုရှ်သည် သူရဲဘောကြောင်သူဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းကိုယ်တိုင်က အီရတ်နိုင်ငံသို့ မသွားဘဲနှင့် တပ်ဖွဲ့များကို ဝင်ရောက်တိုက်ခိုက်ရန် ဦးဆောင်ခဲ့၍ဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးအနေဖြင့် ရပ်ဝေးမှစေခိုင်းသည့် လုပ်ရပ်သည် လွန်စွာလွယ်ကူလှကြောင်း၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဗင်နီဇွဲလားနိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်လိုသော ရူးသွပ်သည့် အတွေးအခေါ်တစ်ရပ် ပေါ်ပေါက်လာခဲ့ပါလျှင် မိမိက ဆာဗားနားမြက်ခင်းပြင်မှ စောင့်ကြိုနေမည်ဟု ချာဗက်ဇ်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းမှ ပြည်သူများအနေဖြင့် အီရတ်စစ်ပွဲကို ဆန့်ကျင်နေကြပြီဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့များက အီရတ်ကို သိမ်းထားမှုအပေါ် ဆန့်ကျင်သည့်ဆန္ဒပြမှု အများအပြား ကမ္ဘာတစ်ဝန်းတွင် ယခုအခါ ပေါ်ပေါက်နေပြီဖြစ်ကြောင်း စသည်ဖြင့် ချာဗက်ဇ်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့က စစ်ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နယူးယောက်တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြ

နယူးယောက် မတ် ၂၀

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်သည့်သုံးနှစ်မြောက် အခမ်းအနားကျင်းပသည့်အနေဖြင့် အမေရိကန်ဆန္ဒပြသူများသည် ကမ္ဘာတစ်ဝန်းမှ ဆန္ဒပြသူများနှင့် လက်တွဲကာ ဆန္ဒပြသူ ၁၀၀၀ ခန့်က တိုင်းမ်ရင်ပြင်တွင် စနေနေ့ကဆန္ဒပြပွဲကျင်းပပြီး အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ အမြန်ရုပ်သိမ်းရေးကို တောင်းဆိုကြသည်။

ရှုတ်ချ

ဆန္ဒပြသူတစ်ဦးချင်းစီက အမေရိကန်သမ္မတဘုရှ်ကို ရှုတ်ချကြပြီး အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ဖြန့်ကြက်မှုအပေါ် ဆန့်ကျင်ရှုတ်ချကြသည်။

သူတော်ကောင်းဟန်ဆောင်ကာ ပြောကြားမှုများနှင့် မုသာဝါဒများ ပြောကြားခဲ့မှုများကို ရပ်တန်းကရပ်သင့်ပြီဖြစ်ကြောင်း၊ မိမိတို့ တပ်ဖွဲ့ဝင်များ ယခုအခါ ဌာနေသို့ပြန်ရမည်ဖြစ်ကြောင်း၊ အာရပ်–အမေရိကန်နွယ်ဖွား တစ်ဦးဖြစ်သူ ဝါလိဘောဒါကပြောကြားသည်။

ဟစ်ကြွေး

“အီရတ်၊ ကိုရီးယားနှင့်ဖိလစ်ပိုင်ရှိ ကန်စစ်ယန္တရားများ ရပ်ဆိုင်း”၊ “ပါလက်စတိုင်းများလွတ်ပေး” “သိမ်းပိုက်မှုရပ်ဆိုင်း” စသည်ဖြင့် ဆန္ဒပြသူများက ဟစ်ကြွေးကြသည်။

အဆိုပါဆန္ဒပြသူ လူထုကြီးက အမေရိကန်တပ်ဖွဲ့ဝင်များကို ပြီးပြည့်စုံပြီး ခြွင်းချက်မရှိဘဲ အီရတ်မှရုပ်သိမ်းရန် တောင်းဆိုကြသည်။

ပြည်သူလူထုကြီးတစ်ရပ်လုံးက မိမိတို့နှင့်အတူရှိနေပြီး အီရတ်ကို သိမ်းပိုက်ထားမှုက အီရတ်တွင် ခုခံတိုက်ခိုက်မှုဖြစ်ပေါ်စေသည့် ဇာစ်မြစ်ဖြစ်နေသည်ကို ပြည်သူလူထုတစ်ရပ်လုံးက နေ့စဉ်နေ့တိုင်း ရှင်းရှင်းလင်းလင်း သိမြင်လာနေပြီဖြစ်ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

ဆန္ဒပြသူများက နောက်ထပ်ဆန္ဒပြကြရန်အတွက် ကုလသမဂ္ဂအဆောက်အအုံသို့ ချီတက်သွားကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အမေရိကန်တစ်ဝန်း စစ်ဆန့်ကျင်ရေး ဆက်လက်ဆန္ဒပြ

ဝါရှင်တန် မတ် ၂၁

အမေရိကန်ပြည်ထောင်စုမှ ရာချီရှိသည့် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက ခေါင်းတလားအတုတစ်ခုကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်ထံသို့ပေးရန် ကြိုးပမ်းကြပြီး အမေရိကန် စစ်ဌာနချုပ်တစ်ဝိုက်တွင် တနင်္လာနေ့က စုရုံးဆန္ဒပြကြသည်။

မည်သို့ပင် ဖြစ်စေကာမူ ရဲတပ်ဖွဲ့က ယင်းအစီအစဉ်ကို တားမြစ်ခဲ့ပြီး ဆန္ဒပြသူများကို အမေရိကန်စစ်ဌာနချုပ်အနီးအပါးမှ ဆုတ်ခွာသွားရန် ဆောင်ရွက်ခဲ့ကြသည်။

အီရတ်စစ်ပွဲသုံးနှစ်မြောက် နှစ်ပတ်လည်နေ့အဖြစ် အမေရိကန် ပြည်ထောင်စုတစ်ဝန်းတွင် သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒအပေါ် မကျေမနပ် ဆန္ဒပြနေကြခြင်းဖြစ်သည်။ ငြိမ်သက်စွာဖြင့် ဆန္ဒပြသူ ၂၀၀ခန့်တို့က ဝါရှင်တန်ဒီစီရှိ လင်ကွန်းအမှတ်တရရုပ်တုမှ ဗာဂျီနီးယားပြည်နယ် အာလင်တန်ဒေသရှိ အမေရိကန်စစ်ဌာနချုပ်သို့ ချီတက်ခဲ့ကြပြီး အမေရိကန်စစ်ဘက်က ကျူးကျော်နေမှုကို ရပ်ဆိုင်းပေးရန် တောင်းဆိုကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စစ်ဆန့်ကျင်ရေးဆန္ဒပြ

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို မတ် ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လူ့အခွင့်အရေးကို ခုတုံးလုပ်အသုံးချနေတဲ့ အမေရိကန်ရဲ့မူဝါဒနဲ့ ပြတ်ပြတ်သားသားလမ်းခွဲသင့်ပြီ

စာဖတ်သူတစ်ဦး

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ "ကုလသမဂ္ဂအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံ အားလုံး၏ အချုပ်အခြာ အာဏာပိုင်ဆိုင်ခွင့်သည် တန်းတူညီတူ ရှိသည်ဟူသောမူကို အခြေခံသည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာစီရင်ပိုင်ခွင့်ရှိသော ကိစ္စရပ်များတွင် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိစေရ"လို့ ဖော်ပြထားပါတယ်။

၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ကျင်းပခဲ့တဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ဆန့်ကျင်ဟန့်တားရေးကြေညာစာတမ်းကို ဆုံးဖြတ်ချက်အမှတ် (၃၆/၁၀၃)ဖြင့် ချမှတ်အတည်ပြုခဲ့ပါတယ်။ အဲဒီကြေညာစာတမ်းမှာ **"နိုင်ငံတိုင်းသည် အခြား နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေးပြဿနာများအား မမှန်မကန် အသုံးချခြင်းကို ရှောင်ကြဉ်ရမည်။ နိုင်ငံတိုင်းသည် နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံအစုအဖွဲ့အချင်းချင်း တည်ငြိမ်မှုပျက်ပြားအောင်၊ ယုံကြည်မှုပျက်ပြားအောင် အကျပ်ကိုင်လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရမည်"**လို့ လူ့အခွင့်အရေးပြဿနာနဲ့ ပတ်သက်ပြီး အထူးဖွင့်ဆို ရှင်းလင်းဖော်ပြထားခဲ့ပါတယ်။

ဖော်ပြပါအချက်တွေကို ထောက်ရှုရင်အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနက နှစ်စဉ်ထုတ်ပြန်နေတဲ့ လူ့အခွင့်အရေးအစီရင်ခံစာဆိုတာဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ ကုလသမဂ္ဂကြေညာစာတမ်းနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်နေတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ဒါကြောင့်မို့ "အမှန်စင်စစ် လူ့အခွင့်အရေး ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံချင်းနှင့် နိုင်ငံအားလုံးက မိမိပြည်တွင်း၌ အခြေအနေပိုမိုကောင်းမွန်အောင် မိမိတို့ဘာသာ ကြိုးပမ်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များသာဖြစ်ကြောင်း၊ လူသားတို့၏ ဘဝတိုးတက်ယဉ်ကျေးရန်၊ လူ့အခွင့်အရေး ပိုမိုတိုးတက်လာရန်မှာ နိုင်ငံအားလုံး၏ မူလတာဝန်များပင်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုဘဝတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများသို့ မိမိ၏ နိုင်ငံရေးသဘောတရားကို လက်နက်သဖွယ် အသုံးချပြီး အတွေးအခေါ်ရိုက်သွင်းခြင်းထက် နိုင်ငံတကာ ပူးပေါင်းမည့် သဘောထားဖြင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် လူ့အခွင့်အရေးကိစ္စများ၌ နိုင်ငံတကာနှင့်ပြဿနာဖြစ်အောင် လှုံ့ဆော်နေမှုများကို ရပ်တန်းက ရပ်သင့်ကြောင်း" တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီသတင်းနှင့် ပြန်ကြားရေးဌာနက ၂၀၀၆ ခုနှစ် မတ်လ ၉ ရက်နေ့မှာ ထုတ်ပြန်ကြေညာ လိုက်ပါတယ်။

အခုရက်ပိုင်းအတွင်းမှာပဲ ကနေဒါနိုင်ငံမှ အထက်လွှတ်တော် အမတ်တစ်ဦးက အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်လိုက်ပြီး အမေရိကန်စစ်တပ်ဟာ အီရတ်နိုင်ငံမှာ အပြစ်ကင်းမဲ့သူ ပြည်သူတွေကို အစုလိုက် နေ့စဉ်သတ်ဖြတ်နေတဲ့ ရာဇဝတ်မှုကျူးလွန်နေတယ်လို့ စွပ်စွဲလိုက်တဲ့ သတင်းတစ်ပုဒ်ကို ဖတ်ရပါတယ်။ အီရတ်ပြည်သူများကို အစုလိုက်နေ့စဉ်သတ်ဖြတ်နေမှု၊ အမေရိကန်အကျဉ်းစခန်းများတွင် အကျဉ်းသားများ၊ အထူးသဖြင့် လူမည်းများကို သတ်ဖြတ်နေမှု၊ အမေရိကန်ပြည်သူများကို သေနတ်များရောင်းချနေမှုနှင့် ကမ္ဘာတစ်ဝန်း မတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်နေသည့် အမေရိကန်အစိုးရ၏ နိုင်ထက်စီးနင်းဆန်သည့် မူဝါဒများသည် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်နိုင်ငံ ကျူးလွန်နေသည့် ပြစ်မှုများဖြစ်တယ်လို့ ကနေဒါ အထက်လွှတ်တော်အမတ်က ထုတ်ဖော်ပြောကြားသွားတာ ဖြစ်ပါတယ်။

အဲဒီပြောဆိုမှုနဲ့ မရှေးမနှောင်းမှာပဲ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ အီရတ်ကျူးကျော်စစ် သုံးနှစ်မြောက် အချိန်ကာလ ရောက်လာချိန်မှာ အမေရိကန်၊ ဥရောပနဲ့ ကမ္ဘာ့နိုင်ငံအချို့မှာ ပြည်သူတွေက အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲတွေကို ဆင်နွှဲနေကြတယ်ဆိုတဲ့ သတင်းကိုလည်း ဖတ်ရှုလိုက်ရပါတယ်။ အမေရိကန် သမ္မတဘုရှ်ကတော့ အီရတ်စစ်ပွဲဆင်နွှဲတာဟာ မှန်ကန်တဲ့လုပ်ရပ်ဖြစ်တယ်လို့ စောဒကတက်နေဆဲဖြစ်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ဝါရှင်တန်ပို့စ်သတင်းစာရဲ့ ထင်မြင်ချက်ကဏ္ဍမှာ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့တွေကို အလျင်အမြန်ရုပ်သိမ်းပေးလိုက်ရင် အီရတ်နိုင်ငံကို အကြမ်းဖက်သမားတွေက သိမ်းယူကြလိမ့်မယ်လို့ သတိပေးရေးသားထားတယ်လို့ သိရပါတယ်။

အီရတ်ကျူးကျော်စစ်နဲ့ ပတ်သက်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီးရဲ့ အဲဒီကောက်ချက်ဟာ အမေရိကန်တို့ရဲ့ အတင်းအဓမ္မ ဒီမိုကရေစီသွတ်သွင်းလိုမှု မူဝါဒကြောင့် စစ်တလင်းဖြစ်နေတဲ့ အီရတ်နိုင်ငံမှာ နောက်ထပ်သွေးချောင်းစီးမယ့် ပြည်တွင်းစစ်ဖြစ်လာနိုင်တယ်လို့ ဝန်မခံရုံဘဲ ရှိပါတော့တယ်။ အီရတ်ဝန်ကြီး ချုပ်ဟောင်း အာလာဝီကတော့ အီရတ်နိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်နေပြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲတော့မယ့် ကံကြမ္မာနဲ့ ရင်ဆိုင်နေရကြောင်း ဖွင့်ဟပြောကြားလိုက်ပါတယ်။

အာလာဝီက "တစ်ရက်တစ်ရက်ကို ပျမ်းမျှ လူလေးငါးခြောက်ဆယ် လောက် သေနေတာကိုမှ ပြည်တွင်းစစ်ဖြစ်နေပြီလို့ မပြောရင် ပြည်တွင်းစစ်ဆိုတာ ဘာကိုခေါ်သလဲလို့ ပြောကြစမ်းပါ။ အီရတ်နိုင်ငံရဲ့ လက်ရှိအခြေအနေတွေအတွက် အမေရိကန်အစိုးရမှာ တာဝန်ရှိတယ်။ အမေရိကန်တို့ ကျူးလွန်ခဲ့တဲ့အမှားကြောင့် အီရတ်နိုင်ငံမှာ လူမျိုးတုံးသတ်ဖြတ်မှုတွေ ဆိုက်ရောက်လာနေတယ်"လို့ ဘီဘီစီနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောကြားသွားတာ ဖြစ်ပါတယ်။

အီရတ်နိုင်ငံမှ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်တွေနဲ့ ဆက်စပ်ပြီး သင်ခန်းစာယူဖွယ်ရာ အမှာစကား တစ်ရပ်ကိုလည်း လေ့လာ ဖော်ပြလိုပါတယ်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"လူထုဝါဒဖြစ်သော ဒီမိုကရေစီစနစ်နှင့် လူအုပ်စုဝါဒဖြစ်သော (Mobocracy)၊ မင်းမဲ့စရိုက်ဖြစ်သော (Anarchism)တို့သည် အလွန်ပါးလွှာသည့် စည်းဖြင့်ခြားထားသော အယူဝါဒဖြစ်ရာ ဥပဒေစည်းကမ်းဖြင့် ထိန်းသိမ်းမှုမရှိလျှင် တစ်ခုမှတစ်ခုသို့ အလွယ်တကူ ကူးပြောင်းသွားနိုင်ကြောင်း၊ ဒီမိုကရေစီဟုကြွေးကြော်ရင်း လူအုပ်စုဖွဲ့ရမ်းကားမှုများ၊ လူအုပ်စုဖြင့် အနိုင်ကျင့်မှုများမှတစ်ဆင့် ဥပဒေကင်းမဲ့ပြီး စည်းမဲ့စရိုက်ဆူပူ ရမ်းကားမှုများ ဖြစ်ပေါ်တတ်သည့်သဘာဝကို နိုင်ငံတကာမှာရော မိမိတို့နိုင်ငံမှာပါ တွေ့မြင်ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာ၌ လူအုပ်စုဝါဒ (Mobocracy)နှင့် မင်းမဲ့စရိုက်ဝါဒ(Anarchism)တို့နှင့် ကွဲကွဲပြားပြားရှိစေရအောင် ဥပဒေ စည်းကမ်းထိန်းသိမ်းမှုဖြင့် ပြန်လည်တည်ဆောက် ထူထောင်ကြရန်လိုကြောင်း၊ ထို့ကြောင့် နောင်တစ်ချိန်တွင် တိုင်းပြည် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မြဲစေရေး ရည်မှန်းပြီး လူအုပ်စုဝါဒ(Mobocracy)နှင့် မင်းမဲ့စရိုက်ဝါဒ (Anarchism)တို့ ရောထွေးဝင်ရောက်မလာရအောင် စည်းခြားပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း"

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံ မင်္ဂလာခန်းမမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများအား ဩဝါဒစကား မြွက်ကြားရာမှာ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ကျင့်သုံးမှုကို လေ့လာကြည့်ရင် မိမိနိုင်ငံရဲ့ သမိုင်းအစဉ်အလာ၊ လက်ရှိပကတိအခြေ အနေများနဲ့ လိုက်လျောညီထွေမှုလည်းရှိအောင်၊ မိမိနိုင်ငံရဲ့ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်ပေးနိုင်အောင်၊ ဒီမိုကရေစီအနှစ်သာရလည်း ပြည့်ဝအောင် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်အကောင်အထည်ဖော်ပေး နေကြောင်း တွေ့ရှိနိုင်ပါတယ်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်က ဆလိုဗက်နိုင်ငံ ဘရာတစ္စလာဗာမြို့မှာ အမေရိကန် သမ္မတဘုရှ်နဲ့ ရုရှားသမ္မတပူတင်တို့ တွေ့ဆုံခဲ့ကြပါတယ်။ အဲဒီတွေ့ဆုံပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ ရုရှားသမ္မတက "ရုရှားနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရာမှာ မိမိနည်း မိမိဟန်ဖြင့်သာ လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ အခြားသောနိုင်ငံများအနေနဲ့ ၎င်းတို့ရဲ့ နိုင်ငံ ခြားရေးမူဝါဒ ရည်မှန်းချက်များအတွက် ရုရှားနိုင်ငံ၏ ဒီမိုကရေစီကို ပုတ်ခတ်ဝေဖန်မှု မပြုလုပ်သင့်ကြောင်း၊ ဒီမိုကရေစီရဲ့ အခြေခံသဘောတရားများနဲ့ ဖွဲ့စည်းတည်ဆောက်မှုများဟာ ရုရှား ပြည်သူတို့ရဲ့ လူနေမှုဘဝရဲ့ ပကတိဖြစ်စဉ်များနဲ့အညီသာ ဖြစ်သင့်ကြောင်း၊ မိမိတို့ရဲ့ ရိုးရာ အစဉ်အလာများ၊ သမိုင်းကြောင်းများနဲ့ လျော်ကန်သင့်မြတ်တဲ့ ဒီမိုကရေစီပုံစံကိုသာ ကျင့်သုံးရ မှာဖြစ်ကြောင်း၊ အခြားနိုင်ငံတွေရဲ့ ဒီမိုကရေစီကို ပုံတူကူးချလိမ့်မည်မဟုတ်ကြောင်း" ရှင်းလင်းပြတ်သားစွာ ပြောကြားသွားပါတယ်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဆိုတာတွေကို အသံဟောင်းဟစ်၊ တစ်ကမ္ဘာလုံးမှာ ကယ်တင်ရှင်ကြီးပမာလုပ်ပြီး စစ်ပွဲတွေခင်းကျင်း၊ အချင်းချင်း မညီမညွတ်ဖြစ်အောင်လုပ်၊ ရုပ်သေးအစိုးရတွေတင်ပြီး ဩဇာလွှမ်းမိုးဖို့ ကြိုးပမ်းနေတဲ့ အမေရိကန်အစိုးရရဲ့လုပ်ရပ်ကို အမေရိကန် ပြည်သူတွေ ကိုယ်တိုင်ကလည်း မလိုလား မနှစ်သက်ကြပါဘူး။ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင် ငါးသောင်းခွဲ သေဆုံးခဲ့ပြီး ဒဏ်ရာရသူတွေ သိန်းနဲ့ချီရှိကာ နောက်ဆုံးမှာ အရေးနိမ့်ပြီး အမေရိကန်တပ်တွေ ဗီယက်နမ်က ဆုတ်ခွာခဲ့ရပါတယ်။ ဒါကြောင့်မို့ ဗီယက်နမ်စစ်ပွဲပြီးကတည်းက အမေရိကန် နိုင်ငံသားတွေက အမေရိကန်ဟာ သူများနိုင်ငံရဲ့ ပြည်တွင်းရေး ကိစ္စတွေမှာ ဝင်မပါဘဲ လက်ရှောင်သင့်ပြီဖြစ်ကြောင်း သုံးသပ်ပြောဆိုလာခဲ့ကြပါတယ်။ စစ်တမ်းတွေအရ ၁၉၆၄ ခုနှစ်မှာ အမေရိကန် ၁၈ ရာခိုင်နှုန်းကသာ ဝေဖန်သုံးသပ်နိုင်ခဲ့ကြပြီး ၂၀၀၅ ခုနှစ်မှာ ၄၂ ရာခိုင်နှုန်းအထိ ဝေဖန်သုံးသပ်လာကြကြောင်း သိရပါတယ်။

ဗီယက်နမ်စစ်ပွဲပြီးလို့ နှစ်ပေါင်း ၃၀ ကျော်ကာလရောက်မှ ထိုစဉ်က အမေရိကန်သမ္မတ ဂျွန်ဆင်၊ နစ်ဆင်နဲ့ ကာကွယ်ရေးဝန်ကြီး မက္ကနာမာရာတို့က ဗီယက်နမ်စစ်ပွဲဆင်နွှဲခဲ့တာ မှားပါတယ်လို့လူသိရှင်ကြား ဝန်ခံပြောကြားခဲ့ကြပါတယ်။ အခုလည်း အီရတ်ကျူးကျော်စစ်ပွဲကြောင့် အီရတ်ပြည်သူ လေးသောင်းနီးပါး အသက်ဆုံးရှုံးခဲ့ပြီး ဘဝပျက်သူတွေ သန်းနဲ့ချီပြီး ရှိနေပါတယ်။ အီရတ်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင် တစ်သိန်း ခြောက်သောင်းနီးပါးရောက်ရှိနေပါတယ်။ အဲဒီအထဲက အသက်ဆုံးရှုံး သူတွေ၊ ထိခိုက်ဒဏ်ရာရသူတွေ အများအပြားပါပဲ။ ဒါပေမယ့် အမေရိကန် သမ္မတဘုရှ်ကတော့ အီရတ်စစ်ပွဲမဟာဗျူဟာနဲ့ပတ်သက်ပြီး ဘာမျှစိုးရိမ် ဖွယ်ရာမရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီ အသွင် ကူးပြောင်းရာမှာ နေ့ချင်းညချင်း အောင်မြင်ဖြစ်ထွန်းလာတတ်တာ မဟုတ်ဘဲ ကာလ အတိုင်းအတာ တစ်ရပ်အထိ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းရစမြဲဖြစ်ကြောင်း ဆင်ဖွေ့ရန်ရှောင်လုပ်နေပြန်ပါတယ်။

အမေရိကန်သမ္မတဘုရှ်ပြောသွားတဲ့အထဲမှာ **နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီ အသွင်ကူးပြောင်းရာမှာ နေ့ချင်းညချင်း အောင်မြင်ဖြစ်ထွန်းလာတတ်တာမဟုတ်ဘဲ ကာလအတိုင်းအတာတစ်ရပ်အထိ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းရစမြဲဖြစ်တယ်** ဆိုတာကို သတိပြုမိပါတယ်။ အမေရိကန်သမ္မတဘုရှ်ရဲ့ အဲဒီစကားထဲမှာ ပြုလုပ်သူ (ကတ္တား)ပျောက်နေပါတယ်။ အမှန်တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးဟာ အဲဒီနိုင်ငံအစိုးရနဲ့ အဲဒီနိုင်ငံရဲ့ ပြည်သူတွေက လုပ်ဆောင်ရမယ့် ကိစ္စပဲဖြစ်ပါတယ်။ အမေရိကန်အစိုးရက ဆရာကြီးဝင်လုပ်ပြီး အတင်းအဓမ္မကျူးကျော်စွက်ဖက်လုပ်ဆောင်လို့ ရနိုင်တာမျိုးမဟုတ်ပါဘူး။

ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ခရစ်ယာန်ကောင်စီ ညီလာခံကလည်း အမေရိကန်ဦးဆောင်ဆင်နွှဲတဲ့ အီရတ်ကျူးကျော်စစ်ပွဲကို ကန့်ကွက်ရှုတ်ချခဲ့ပါတယ်။ အီရတ်စစ်ပွဲဟာ တစ်ကမ္ဘာလုံးလက်ခံကျင့်သုံးနေတဲ့ လူ့အခွင့်အရေးနဲ့ တရားမျှတမှုကို အရှက်မရှိမျက်နှာပြောင်တိုက်ပြီး ချိုးဖောက်နေခြင်းသာဖြစ်ကြောင်း၊ အမေရိကန်အစိုးရရဲ့ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနဲ့ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးမူဝါဒဟာ ကမ္ဘာကိုအန္တရာယ်ပေးလျက်ရှိကြောင်း၊ ဘေးဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေရပြီး ခိုကိုးရာမဲ့နေကြတဲ့ အီရတ်ပြည်သူ တွေအပေါ် ဘုရှ်အစိုးရက အကြောက်တရားဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုတာတွေကို အသံဟောင်းဟစ်၊ တစ်ကမ္ဘာလုံးမှာ ကယ်တင်ရှင်ကြီးပမာလုပ်ပြီး စစ်ပွဲတွေခင်းကျင်း၊ အချင်းချင်း မညီမညွတ်ဖြစ်အောင်လုပ်၊ ရုပ်သေးအစိုးရတွေတင်ပြီး ဩဇာလွှမ်းမိုးဖို့ ကြိုးပမ်းနေတဲ့ အမေရိကန်အစိုးရရဲ့လုပ်ရပ်ကို အမေရိကန် ပြည်သူတွေကိုယ်တိုင်ကလည်း မလိုလား မနှစ်သက်ကြပါဘူး။ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင် ငါးသောင်းခွဲ သေဆုံးခဲ့ပြီး ဒဏ်ရာရသူတွေ သိန်းနဲ့ချီရှိကာ နောက်ဆုံးမှာ အရေးနိမ့်ပြီး အမေရိကန်တပ်တွေ ဗီယက်နမ်က ဆုတ်ခွာခဲ့ရပါတယ်။ ဒါကြောင့်မို့ ဗီယက်နမ်စစ်ပွဲပြီးကတည်းက အမေရိကန်နိုင်ငံသားတွေက အမေရိကန်ဟာ သူများနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာဝင်မပါဘဲ လက်ရှောင်သင့်ပြီဖြစ်ကြောင်း သုံးသပ်ပြောဆိုလာခဲ့ကြပါတယ်။

⇨ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

လွှမ်းမိုးချုပ်ကိုင်ထားကြောင်း၊ အမေရိကန်ဟာ ကမ္ဘာပေါ်၌ ချမ်းသာကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း ၎င်းတို့၏ ခနငွေကြေးကို ဆင်းရဲမွဲတေသည့် လူသားအများစုအတွက် မျှဝေသုံးစွဲမှု မပြုကြောင်း၊ ပြည်တွင်းမှာလည်း လူမျိုးရေးခွဲခြားမှုဝါဒ ခေါင်းထောင် ထလာနေသည်ကို လျစ်လျူရှုထားကြောင်း အဲဒီကောင်စီက ဝေဖန် ထောက်ပြထားပါတယ်။

အောက်စဖို့ဒ်တက္ကသိုလ် သုတေသနအဖွဲ့ တစ်ဖွဲ့ကလည်း အီရတ်အား ကျူးကျော်စစ်ဆင်နွှဲလိုက်ခြင်းသည် အကြမ်းဖက်သမားများအား လက်ဆောင်ပါးလိုက်ရာရောက်ကြောင်း၊ အယ်လ်ခိုင်ဒါတို့ အင်အားကြီးထွားလာခြင်းကြောင့် အီရတ်စစ်ပွဲသည် နောက်ထပ်တစ်နှစ်နှစ်နှစ်အတွင်း ပြီးဆုံးသွားဖွယ်ရာမမြင်ကြောင်း၊ ပြည်ပကျူးကျော်သိမ်းပိုက်မှုကို အကြောင်းပြု၍ ခုခံရေးသမားများက ဤစစ်ပွဲကို ဆယ်စုနှစ်များစွာ အချိန်ဆွဲပြီး တိုက်ခိုက်သွားလိမ့်မည်ဖြစ်ကြောင်း၊ အီရတ်မှ အမေရိကန်တပ်များ ရုပ်သိမ်းရေးသည် ဗီယက်နမ်စစ်ပွဲမှ အရှုံးဖြင့် ဆုတ်ခွာခဲ့ရသည့် အဖြစ်မျိုးထက် ပိုပြီးသိက္ခာကျမည့် အခြေအနေနှင့်ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ဗြိတိသျှအစိုးရအနေဖြင့် ၎င်း၏ နိုင်ငံခြားရေးမူဝါဒကို အခြေခံကျကျ ပြောင်းလဲပြီး အမေရိကန်အစိုးရ၏ မူဝါဒနှင့် ပြတ်ပြတ်သားသား လမ်းခွဲသင့်ပြီဖြစ်ကြောင်း သုံးသပ်ချက်စာတမ်းတစ်စောင် ထုတ်ပြန်ကြေညာထားပါတယ်။ ဒါတွေဟာ အမေရိကန်ရဲ့ မူဝါဒမှန်သမျှကို မျက်လုံးစုံမှိတ်နားပိတ်ပြီး လိုက်ပါထောက်ခံနေကြတဲ့ ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားတွေ လေ့လာဆင်ခြင်ကြရမယ့် အကြောင်းရင်းတွေပဲဖြစ်ပါတယ်။

ဖော်ပြပါ လေ့လာဖတ်ရှုရသမျှကို ၇-၂-၂၀၀၆ ရက်နေ့ထုတ် "ဖတ်စရာ" ဂျာနယ်မှာ ဖတ်ရှုလိုက်ရတဲ့ စာရေးဆရာကြီး ပါရဂူရဲ့ "ဂျင်နရေးရှင်းဂက်" ဆိုတဲ့ ဆောင်းပါးပါ အချက်အလက်များနဲ့ ဆက်စပ်ပြီး ကောက်နုတ် ဖော်ပြလိုပါတယ်။ ဆရာပါရဂူက "လူမျိုးလူမျိုးတိုင်း၌ရှိသော ဓလေ့ထုံးစံနှင့် အစဉ်အလာတစ်ခုရှိသည်။ ရှေးရှေးဘိုးစဉ်ဘောင်ဆက်များ တွေ့ကြုံရရှိသော လူသားအတွေ့အကြုံကို နှောင်းလူများ မှတ်သားလေ့လာသော ဓလေ့ထုံးစံနှင့် အစဉ်အလာဖြစ်၏။ ယခုခေတ် ရေပန်းစားနေသော ယဉ်ကျေးမှုနှင့် လူနေမှုဘဝသည် တစ်စုံတစ်ခုသော အတိုင်းအတာ အထိသာခံသော ဟီးရိုးများကို ဖန်တီးပေးသည်။ ယင်းလှုပ်ရှားမှုများသည် နိုင်ငံရေးလည်း ဖြစ်ချင်ဖြစ်မည်၊ လူမှုရေးလည်း ဖြစ်ချင်ဖြစ်မည်။ သို့သော်လည်း အကောင်းနှင့်အဆိုး ခွဲခြားသိနိုင်ဖို့ရန်အတွက် ခေတ်လူများအနေဖြင့် ရှေးမိဘဘိုးဘွားများတွင်ရှိသော အသိတရားမျိုးရှိဖို့ လိုနေ၏။ ယင်းအချက်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားဟောကြားထားသော ကာလာမသုတ်ထက်ပိုပြီးကောင်းသော အကြံပေးချက် အခြားမရှိပေ။ **"အယူအဆတစ်ခုခုသည် အကျိုးဖြစ်ထွန်းမှုလည်းမရှိ၊ ယုတ္တိလည်းမရှိ၊ ပညာရှင်များလည်း မနှစ်ခြိုက်၊ သူတစ်ပါးကိုလည်း ထိခိုက်နစ်နာစေ၏။ ယင်းအယူအဆမျိုးကို လက်မခံသင့်ပေ။ အပြစ်ပြောစရာလည်းမရှိ၊ သူတစ်ပါးတို့၏ ကောင်းကျိုးနှင့် နှစ်သက်ရွှင်လန်းမှုကိုလည်း ဖြစ်ပေါ်စေ၏။ ယင်းအယူအဆမျိုးကိုသာ လက်ခံနာယူပြီး အလေ့အကျင့် ပြုလုပ်သင့်၏"**လို့ ရေးသားထားပါတယ်။ ။

စလေမြို့နယ်အသင်း(ရန်ကုန်) ဂုဏပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၂၁

မဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော တောင်ဥက္ကလာပမြို့နယ် (၅)ဝိုင်း စလေသီဂီကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမာနှင့် စလေမြို့ ကံယာတောရကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ အရှင်မြတ်နှစ်ပါးတို့အား စလေမြို့နယ်အသင်း (ရန်ကုန်)မှ ဦးစီး၍ ဂုဏပူဇာသဘင် ဆင်ယင်ကျင်းပပြီး ဆရာတော်ကြီး ၁၆ပါး တို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်မည်ဖြစ်သည်။ မတ် ၂၆ ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် စလေ သီဂီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(၅)ဝိုင်း၊ကန်ဦးကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ် သို့ ကြွရောက်ပူဇော်၍ ဖုန်း-၆၆၁၂၂၀၊ ၅၇၉၀၀၃သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။(၆၃)

ရွှေပြည်ဟိန်းဆေးခန်းသို့ ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် ဆေးခန်းအတွက် ဆေးပစ္စည်းများ လှူဒါန်းလျက်ရှိကြရာ ဒေါက်တာမိုးတင်-ဒေါက်တာ အိအိတင် မိသားစုက ငွေကျပ် တစ်သိန်း တန်ဖိုးရှိ ဆေးပစ္စည်းများကို လည်းကောင်း၊ ကလေးအထူးကု ဒေါက်တာယုဇနစောမြင့်က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများကိုလည်းကောင်း၊ ၁၃၃လမ်း ကျားပုန်း ဆေးကိုယ်စားလှယ် ဒေါ်မေကြည်က ငွေကျပ် ငါးသောင်းတန်ဖိုးရှိ ဆေးပစ္စည်းများကို လည်းကောင်း၊ လမ်းမတော်(၁၁)လမ်း ကောင်းဆေးစတိုးက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများကို လည်းကောင်း လှူဒါန်းကြသည်။ စေတနာရှင်များ လှူဒါန်းလိုပါက ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရေနှင့်မြေကို တန်ဖိုးမြှင့်တင် ဆောင်ရွက်နေ

ရန်ကုန် မတ် ၂၁

ယနေ့ (မတ် ၂၂ ရက်)သည် ရေကမ္ဘာနေ့ World Water Day ဖြစ်သည်။ ယခုနှစ် ရေကမ္ဘာနေ့၏ ဆောင်ပုဒ်မှာ Water and Culture ဖြစ်သည်။ ရေသည် လူသားတို့အတွက် မရှိမဖြစ်သော အရင်းအမြစ်တစ်ခုဖြစ်သည်။ သဘာဝကပေးသည့် ရေနှင့်မြေသည် လူတို့အတွက် အဓိက အသက်သွေးကြောပင်ဖြစ်သည်။ မြေကြီးသည် လူသားတို့အတွက် စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်ရာနှင့် အခြေချနေထိုင်ရာဖြစ်သည်။ ရေသည် စိုက်ပျိုးထုတ်လုပ်ရေးအတွက် မရှိမဖြစ် လိုအပ်သည်။ ထို့ကြောင့် ရေနှင့်မြေသည် ကမ္ဘာ့လူသားတို့အတွက် အဓိကအသက်သွေးကြော ဟု ဆိုရခြင်းဖြစ်သည်။

ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ် မြစ်ရေတင် စီမံကိန်းကို တွေ့ရစဉ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေ၊ မြေနှင့်စပ်လျဉ်း၍-

"မိမိတို့နိုင်ငံကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရာမှာ ရေနဲ့မြေဟာ တကယ့် အရင်းအနှီးများပဲဖြစ်တယ်။ ရေနဲ့မြေကို တန်ဖိုးထားတဲ့စိတ်၊ လုပ်ချင်ကိုင်ချင်စိတ်များနဲ့ အလေးအနက်ထား အသုံးချသွားရမှာဖြစ်တယ်။ ရေနဲ့မြေရဲ့ တန်ဖိုးကို မြှင့်တင်နိုင်ရေး (Value Added) ဖြစ်ရန်အတွက် အစဉ်ကြိုးဆလုပ်ဆောင်နေရမှာဖြစ်တယ်"ဟူ၍ လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့နိုင်ငံတော်တွင် စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေအရင်းအမြစ်များကို ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ဆည်တမံပေါင်း ၁၈၃ခုနှင့် မြစ်ရေတင်လုပ်ငန်း ၂၉၃ခုကို အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သည်။ အဆိုပါ ရေအရင်းအမြစ်များက စိုက်ပျိုးမြေဧက ၂ ဒသမ ၄သန်းကို အကျိုးပြုလျက်ရှိသည်။

ထို့အပြင် စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရှားပါးသည့် မြန်မာနိုင်ငံ အလယ်ပိုင်းမှ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်း ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၁၉၉၃ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၃ခရိုင်အထိတိုးချဲ့ခဲ့သည်။ယခင်က ခြောက်သွေ့ ညှိုးနွမ်းခဲ့သော အညာမြေသည် သစ်တော၊ သစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည်လာခဲ့ပြီဖြစ်သည်။ စိုက်ရေ၊ ပျိုးရေ၊ သောက်သုံးရေများ ရရှိခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်က ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်၌လည်း သန့်ရှင်းသော သောက်သုံးရေ ရရှိရေးကို ထည့်သွင်းဖော်ဆောင်နေသည်။ သို့ပါ၍ မြန်မာနိုင်ငံသည် ရေနှင့်မြေကို တန်ဖိုးမြှင့်တင်ဆောင်ရွက်လျက်ရှိနေပါကြောင်း ရေကမ္ဘာနေ့၌ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ (ကြေးမုံ)

ကြေးမုံ The Mirror အင်တာနက်သတင်းများ

ရုရှားလေသူရဲများ၏ လေကြောင်းသရုပ်ပြပွဲ တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် ကျင်းပပြီးစီး

ကျန်ကီဇှေး မတ် ၁၉

ရုရှားနိုင်ငံမှ လေသူရဲ အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ကျန်ကီဇှေးမြို့တွင် လေကြောင်းသရုပ်ပြ စွန့်စားပြကွက်များကို သုံးရက်ကြာ တင်ဆက်ခဲ့မှုမှာ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ပြီးဆုံးသွားပြီဖြစ်သည်။

ရုရှားလေသူရဲများ အဖွဲ့သည် တနင်္ဂနွေနေ့က သုံးနာရီမျှ လေယာဉ် စတန့်ပျံသန်းမှုများကို သရုပ်ပြခဲ့သည်။ သုံးရက်ကြာမြင့်သည့် လေကြောင်းသရုပ်ပြပွဲသို့ ပြည်သူ ၁၀၀၀၀၀ ခန့် လာရောက်ကြည့်ရှု အားပေးကြသည်။ ပြည်သူများသည် လေကြောင်းသရုပ်ပြပွဲ ကျင်းပသည့် လေယာဉ်ကွင်းနှင့် အနီးအပါးရှိ ဥယျာဉ်တွင် စုဝေး၍လည်းကောင်း၊ နေအိမ်များ၏ ခေါင်မိုးများပေါ်မှနေ၍လည်းကောင်း စောင့်စားကြည့်ရှုခဲ့ကြသည်။

ရုရှားလေသူရဲများ၏ လေယာဉ်စတန့် သရုပ်ပြပွဲတွင် ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ဝင်များကို လေယာဉ်တစ်စင်း၏ အပေါ်၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

"ရုရှား မင်းမျိုးနွယ်ဝင်များ"ဟူ၍ အမည်ပေးထားသော လေသူရဲများအဖွဲ့ကို ၁၉၉၁ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ကမ္ဘာပေါ်တွင် တိုက်လေယာဉ်များကဲ့သို့ အကြီးစား လေယာဉ်များကို အသုံးပြု၍ လေကြောင်းစတန့်ပြကွက်များကို ပြသသည့် တစ်ခုတည်းသော အဖွဲ့လည်းဖြစ်သည်။ လေကြောင်းစတန့် ပျံသန်းမှုများအတွက် အသုံးပြုသော ဂျက်တိုက်လေယာဉ်များကို အဖြူ၊ အနီနှင့် အပြာရောင် ဆေးခြယ်ထားသည်။

သုံးရက်ကြာ လေကြောင်းသရုပ်ပြပွဲတွင် အသုံးပြုခဲ့သည့် လေယာဉ်များမှာ SU-27 တိုက်လေယာဉ်များ အပါအဝင် လေယာဉ် ၁၀ စင်း၊ SU-30 တိုက်လေယာဉ်တစ်စင်း၊ IL-78 ဝေဟင်အတွင်း ဆီဖြည့်ပေးနိုင်သော လောင်စာတင် လေယာဉ်တစ်စင်းနှင့် YAK-52 အမျိုးအစား လေယာဉ်တစ်စင်းတို့ ဖြစ်ကြသည်။

အင်တာနက်။

အဆိပ်ပြင်းထန်သည့် မြွေဟောက်တစ်ကောင်ကို နမ်းပြနေသည့် မလေးရှားနိုင်ငံသား ရှာဟိမီအဗ္ဗဒူဟာမစ်။

(ဓာတ်ပုံ-အင်တာနက်)

မြွေဟောက်ကို သုံးမိနစ်အတွင်း ၅၁ ကြိမ် နမ်းပြသူ

ကွာလာလမ်ပူ မတ် ၂၀

မြွေဖမ်းသမားတစ်ဦးဖြစ်ခဲ့ဖူးသည့် မလေးရှားနိုင်ငံသားတစ်ဦးက အဆိပ်ပြင်းထန်သည့် မြွေဟောက်တစ်ကောင်ကို သုံးမိနစ်အတွင်း ၅၁ကြိမ် နမ်းပြခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အသက် (၃၃)နှစ်ရှိ မလေးရှားနိုင်ငံသား ရှာဟိမီအဗ္ဗဒူဟာမစ်သည် ကွာလာလမ်ပူမြို့တော်အနီး ဂျင်တင့်ကုန်းမြင့်ဒေသတွင် ၄ဒသမ ၆မီတာရှည်ပြီး ၁၀ ကီလိုဂရမ် အလေးချိန်ရှိသည့် မြွေဟောက်ကို သုံးမိနစ်နှင့် တစ်စက္ကန့်အတွင်း ၅၁ ကြိမ် နမ်းပြခဲ့သည်။

ဟာမစ်က မြွေဟောက်ကို ပထမပိုင်း၌ လွယ်လွယ်ကူကူဖြင့် နမ်းပြခဲ့သော်လည်း မြွေဟောက်ကဒေါသထွက်လာခဲ့သဖြင့် မြွေကိုက်မခံရစေရန် အလျင်အမြန် တိမ်းရှောင်နေရသည်။

ဖတ်စ်ဝါဟိုတယ်တွင် ကျင်းပသည့် အဆိုပါပြပွဲသို့ လာရောက်ကြည့်ရှုသည့် ပရိသတ်ကြီးက ၎င်းကို တစ်ခဲနက်သြဘာပေးခဲ့ကြသည်။ ယင်းပြပွဲသို့ မလေးရှားလူငယ်နှင့်အားကစား ဒုတိယဝန်ကြီး လာရောက်ကြည့်ရှုပြီး ဆုလက်မှတ်ချီးမြှင့်ခဲ့သည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါဒေသမှ ဂေါ်ဒွန်ကိတ်က ၁၉၉၉ ခုနှစ် စက်တင်ဘာလအတွင်းတွင် မြွေဟောက် ၁၁ ကောင်ကို နမ်းပြခဲ့သည့် စံချိန်တင်ထားခဲ့ရာ မလေးရှားမှ ဟာမစ်က စံချိန်ချိုးလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မန္တလေးတိုင်း ကျောက်ဆည်ဒေသအပါ
အဆင့်အတန်းမြင့်သည့် ပြည်တွင်းဖြစ်
များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူ

နိုင်ငံတော်၏စေတနာဖြင့် ပေါ်
တည်တံ့ ကောင်းမွန်ရေးအတွက် ဒေ
စောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့်

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီး
စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်
ထုတ်လုပ်နိုင်မှု၊ အမှတ်(၁)စက်မှုဝန်ကြီးဌ
ကုန်ထုတ်လုပ်မှု အခြေအနေတို့ကို ဆ

ဆက်လက်၍ ဒေသခံပြည်သူတစ်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအ
ကျောက်ဆည်ဒေသ၌ စက်ရုံတစ်ရုံတိုးလာ
အတွက် ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောက်ဆည်မြို့နယ် ပြ
အသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေ
မင်းစုကျေးရွာ တိုက်နယ်ဆေးရုံတို့အ
ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်
Investment Pte Ltd မန်နေဂျင်းဒါရို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ဖွင့်ပွဲ အခမ်းအနားတွင် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သုံးစွဲသူနှစ်သက်သည့် အရည်အသွေးရှိသော ပစ္စည်းများထုတ်လုပ်၊ စက်ရုံရေရှည်တည်တံ့ရေ

သို့မှသာ လူအများသုံးစွဲသည့် စတီးလ်အိမ်သုံးပစ္စည်းများ ပြည်ပမှ တင်သွင်းနေရမှုကို ထိရောက်စွာ

☆ **ရှေ့ဖုံးမှ**

ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပင်မအလုပ်ရုံ၌ ခင်းကျင်းစီစဉ်ပြသထားသည့် စက်ရုံထုတ် အိမ်သုံးကြွေရည်စိမ် ပစ္စည်းများ၊ စတီးလ်ပစ္စည်းများကို လည်းကောင်း၊ ဆက်လက်ထုတ်လုပ်ရန် စမ်းသပ်ထားသည့် ဆေးရုံသုံး စတီးလ်ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပင်မအလုပ်ရုံအတွင်းရှိ ပြုပြင်ထိန်းသိမ်းရေးဌာန စက်ပစ္စည်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထုတ်လုပ်နေဆဲ စတီးလ်ပစ္စည်းများ၊ စတီးလ် ပုံဖော်ပုံထောင်းပစ္စည်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဟိုက်ဒြောလစ် ပုံထောင်းစက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြသထား

ထို့နောက် ကြွေပုံဖော် ပုံထောင်းဌာန၊ ကြွေမီးဖိုဌာန လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လင်ပန်း၊ ပန်းကန်ပြား၊ ဇလုံ၊ မတ်ခွက်စသည့် ကြွေထည်ပစ္စည်း နမူနာ ပြသထားမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကြွေထည်ပစ္စည်း ပန်းမှုတ် ပန်းကပ်ဌာန၊ ပန်းမှုတ်ဆေးစပ်ခန်းတို့ကိုလည်းကောင်း၊ စတီးလ်ပစ္စည်းများ အနားကွပ်ဌာန၊ ထုပ်ပိုးဌာန၊

အရည်အသွေး စစ်ဆေးရေးဌာနတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ထို့နောက်စက်ရုံခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် ဤစက်ရုံကို ဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံ အထက်ပိုင်းရှိ ပြည်သူများအတွက် ခေတ်မီအိမ်သုံးကြွေထည်နှင့် စတီးလ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်တော့မှာဖြစ်ကြောင်း၊ ယခုအခါ မန္တလေးတိုင်းကို အခြေပြု၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ကုန်ထုတ်လုပ်မှုတို့သည် တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းအသစ်များလည်း စုစည်းဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

ဟန်ချက်ညီညီ

နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြံစည်အားထုတ်မှု၊ နိုင်ငံတော်အပေါ်စေတနာထားမှုတို့ကြောင့် အထက်မြန်မာပြည်အပိုင်း အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် အကြားအလပ်မကျန် တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ဆက်တိုက်ဖော်ဆောင်

ပြည်သူများကို အကျိုးပြုသည့် စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှု အခြေခံများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံ၊ အလုပ်ရုံများသည် အခြေခံကျကျ လက်ညှိုးထိုးမလွဲ ပေါ်ပေါက်လျက်ရှိသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများကို အသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆက်တိုက်ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း။

လက်တွေ့ကျကျ

နိုင်ငံတော်၏ စီမံလမ်းညွှန်ပေးနိုင်မှုနှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများသည် မိမိတို့၏ လုပ်ငန်းများကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများ၊ အခြေခံကောင်းများ တစ်ခုပြီးတစ်ခုရရှိနေခြင်းဖြစ်ကြောင်း။

လက်ဆောင်ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲ အခမ်းအနား၌ L&Z Trading & Investment °Pte Ltd.**မှ မန်နေဂျင်းဒါရိုက်တာ** Mr. Lee Tsu Tien **အား သစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။**

(သတင်းစဉ်)

ယင်းဖြစ်ထွန်းအောင်မြင်မှုများအပေါ် ပြည်သူလူထုအပိုင်းကလည်း ဝမ်းသာကျေနပ်မှုများဖြင့် နိုင်ငံတော်ကို အားပေးထောက်ခံလျက်ရှိကြကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုအသားကျ၊ ပိုမိုအားပါလျက်ရှိသည့်အတွက် နိုင်ငံတော်၏ အနာဂတ်သည် ခိုင်မာလျက်ရှိပြီဟု သုံးသပ်တင်ပြလိုကြောင်း။

တက်တက်ကြွကြွ

ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏ မနားမနေ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်မှုအပေါ် ပြည်သူများအပိုင်းကလည်း တီထွင်ကြံဆမှု၊ ကြိုးစားအားထုတ်မှု၊ ညီညွတ်မှုတို့ဖြင့် တက်တက်ကြွကြွတုံ့ပြန်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သွားကြရန်ဖြစ်ကြောင်း။

အကောင်အထည်ဖော်

ယခု ဤခေတ်မီစက်ရုံကို နိုင်ငံတော်၏ အစီအမံဘောင်အတွင်းမှနေ၍ ဝန်ကြီးဌာနက တည်ဆောက်ပြီးဖြစ်ရာ စက်ရုံဝန်ထမ်းအဆင့်အားလုံးက သုံးစွဲသူ ကြိုက်နှစ်သက်သည့် အရည်အသွေးရှိသော ပစ္စည်းများ ထုတ်လုပ်ရေး၊

ကုန်ကျစရိတ် လျှော့နည်းကျဆင်းရေး၊ အလေအလွင့်ထိန်းသိမ်းရေး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမျှတရေး၊ စက်ရုံရေရှည်တည်တံ့ရေးတို့ကို တာဝန်သိသိ အလေးထား အကောင်အထည်ဖော်သွားရန်လိုကြောင်း။

ထိရောက်စွာအစားထိုး

သို့မှသာ လူအများသုံးစွဲသည့် စတီးလ်အိမ်သုံးပစ္စည်းများ ပြည်ပမှ တင်သွင်းနေရမှုကို ထိရောက်စွာအစားထိုးနိုင်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး ဒေသဖွံ့ဖြိုးရေး၊ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး၊ အဖျက်သမားအန္တရာယ် တွန်းလှန်ဖယ်ရှားရေးတို့ကို ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

ဈေးနှုန်းချိုသာ

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဤစက်ရုံဖွင့်လှစ်နိုင်ခြင်းကြောင့်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး
မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်း
စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ဖွင့်ပွဲ
ထားသည့် စက်ရုံထုတ်အိမ်သုံးကြွေရည်စိ
ကြည့်ရှုစစ်ဆေးစဉ်။**

တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းကြ
လိုက်သည်။

ရှင်းလင်း

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် စက်
သောင်းက ကြွေရည်စိမ်နှင့် စတီးလ်
ဆောက်ခဲ့သည့် ရည်ရွယ်ချက်များနှင့် ရင်
ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်
ရှင်းလင်းတင်ပြသည်။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်
၂၂-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ (မင်းသူ၊ပပဝင်းခင်)
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	Video Magazine Vol-I
	No.2 Part-III
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ဘဝတွက်တာကျွမ်းကျင်စရာ
၈း၄၀	ပန်းလှိုင်ဆေးရုံ
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အက်ဆီတလင်းဓာတ်ငွေ့စက်ရုံ
၉း၃၀	သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊မောင်ဂျွန်)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ပေါင်းလောင်းရေလှောင်တမံနှင့်လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	Myanmar Video Rhythm
၁၁း၁၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း

FA Cup ဘော

ညပိုင်း အစီအစဉ်

၂း၂၅	Chelsea-Newcastle United



မန္တလေးတိုင်း ကျောက်ဆည်ဒေသအပါအဝင် တစ်နိုင်ငံလုံးမှ ပြည်သူများ အဆင့်အတန်းမြင့်သည့် ပြည်တွင်းဖြစ် ကြွေရည်စိမ်နှင့် စတီးလ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မှာဖြစ်ကြောင်း။

နိုင်ငံတော်၏စေတနာဖြင့် ပေါ်ထွန်းလာသည့် ဤစက်ရုံကြီး ရေရှည်တည်တံ့ ကောင်းမွန်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်း ကူညီစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ခေတ်မီစတီးလ်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိ စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှု အခြေအနေတို့ကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိဟဆွေက ကျောက်ဆည်ဒေသ၌ စက်ရုံတစ်ရုံတိုးလာပြီး စက်ရုံအစုအဖွဲ့ ဖြစ်ပေါ်လာခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မင်းစုကျေးရွာ တိုက်နယ်ဆေးရုံတို့အတွက် အလှူငွေများကို ကျော်သာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်နှင့် L & Z Trading & Investment Pte Ltd မန်နေဂျင်းဒါရိုက်တာ Mr. Lee Tsu Tien တို့က

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးချုပ်သည် L & Z Trading & Investment Pte Ltd မန်နေဂျင်း ဒါရိုက်တာနှင့် အင်ဂျင်နီယာများအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးက စက်ရုံတည်ဆောက်သည့် မြန်မာအင်ဂျင်နီယာများအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၌ တစ်ရက်လျှင် အဆိုင်းသုံးဆိုင်းစနစ်ဖြင့် ကြွေရည်စိမ်ပစ္စည်း တန် ၇၅၀၊ စတီးလ်ပစ္စည်း တန် ၅၀၀ ထုတ်လုပ်နိုင်သည့်စက်များ တပ်ဆင်ထားသည်။

ထုတ်လုပ်သွားမည့် ပစ္စည်းများမှာ ကြွေရည်စိမ်ပစ္စည်း ၃၂ မျိုးနှင့် စတီးလ်အိမ်သုံးပစ္စည်း ၄၁ မျိုး ဖြစ်သည်။

ထုတ်လုပ်သွားမည့် ကြွေရည်စိမ် အိမ်သုံးပစ္စည်းများမှာ ထမင်းစားပန်းကန်ပြား၊ ဟင်းထည့်ပန်းကန်ပြား၊ အချဉ်ပန်းကန်၊ ဟင်းထည့်ဖောက်ပန်းကန်၊ ပန်းကန်လုံး၊ ထမင်းလိုက်အုပ်၊ အဖုံးပါ ဟင်းထည့်အုပ်၊ မတ်ခွက်၊ ဟင်းလိုက်ချိုင့်၊ လက်ကိုင်ပါ အကြော်အိုး၊ လင်ပန်းဝိုင်းစသည်တို့ ဖြစ်သည်။

ထုတ်လုပ်သွားမည့် စတီးလ်အိမ်သုံးပစ္စည်းများမှာ ထမင်းစား ပန်းကန်ပြား၊ ဟင်းထည့်ပန်းကန်ပြား၊ ဆားထည့်ပန်းကန်၊ အချဉ်ပန်းကန်၊ ဟင်းထည့်ဖောက်ပန်းကန်၊ အဖုံးပါ ဟင်းထည့်ပန်းကန်၊ ထမင်းလိုက်အုပ်၊ အဖုံးပါဖောက်ပန်းကန်၊ ဇွန်း၊ ဇွန်း–ခက်ရင်း၊ ထမင်းခပ်ဇွန်း၊ လင်ပန်းဝိုင်း၊ မတ်ခွက်၊ ထမင်းစားလင်ပန်း၊ လက်ဆေးဇလုံ၊ ရေခွက်၊ အကြော်အိုး၊ ဟင်းချက်အိုး၊ ထမင်းချိုင့်၊ တစ်လုံးချိုင့်၊ ဓား၊ ယောက်မ စသည်တို့ ဖြစ်သည်။

ထို့ပြင် စတီးလ်လက်ဆေးကန်၊ မျက်နှာသစ်ကန်၊ ပေါင်းအိုးအမျိုးမျိုး၊ ဆေးရုံသုံးပစ္စည်းများ၊ ဓာတ်ဘူး၊ အအေးဘူး စသည်တို့ကိုလည်း ထပ်မံတိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

...စက်ရုံရေရှည်တည်တံ့ရေး အလေးထား ...င်းနေရမှုကို ထိရောက်စွာ အစားထိုးနိုင်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ဖွင့်ပွဲတွင် ပင်မအလုပ်ရုံ၌ ခင်းကျင်းပြသထားသည့် စက်ရုံထုတ်အိမ်သုံးကြွေရည်စိမ်ပစ္စည်းများ၊စတီးလ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် စက်ရုံဧည့်ခန်းမ၌ ဝန်ကြီး ဦးအောင်သောင်းက ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က စက်ရုံနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

၁၀း၀၀	ပေါင်းလောင်းရေလှောင်တမံနှင့်လျှပ်စစ်ဓာတ်အားပေးစက်ရုံ	၁၁း၂၅	တေးဂီတအစီအစဉ်
၁၀း၀၅	တေးဂီတအစီအစဉ်	၁၁း၃၀	ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်း
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၄၅	မြန်မာပြည်နေ့ရက်များ ဓာတ်ပုံပြပွဲ
၁၀း၂၀	တေးဂီတအစီအစဉ်	၁၁း၅၅	တေးဂီတအစီအစဉ်
၁၀း၂၅	Myanmar Video Rhythm	၁၂း၀၀	MRTV-4 အပိတ် Logo
၁၁း၁၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း		

အထက်ပါ (၅)နာရီစာ အစီအစဉ်များ ကိုည(၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Chelsea-Newcastle United	5-Sports (Live)

တရုတ်နိုင်ငံမှ သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၁

မြန်မာ–တရုတ်နှစ်နိုင်ငံ စာနယ်ဇင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E. Mr. Shao Huaze ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါဝင်သည့် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

အားလပ်ရက်များအတွင်း မြန်မာ့ခရီးသွားလုပ်ငန်းက ပြည်တွင်းခရီးစဉ်များ အထူးစီစဉ်ပေးလျက်ရှိ

ရန်ကုန် မတ် ၂၁

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားလာမှုလုပ်ငန်းများ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် အားလပ်ရက်များအတွင်း ပြည်သူများအဆင်ပြေ ချောမွေ့ပျော်ရွှင်စွာ ခရီးသွားလာနိုင်ရေးတို့အတွက် ပြည်တွင်းခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် အစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ သင်္ကြန်ကာလ ခရီးစဉ်အဖြစ် ရန်ကုန်–ချောင်းသာ–ရန်ကုန် (လေးည/ငါးရက်)ခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ချောင်းသာခရီးစဉ်၌ ရန်ကုန်မှ ဧပြီ ၁၃ရက်တွင်ထွက်ပြီး ချောင်းသာမှ ဧပြီ ၁၇ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

အဆိုပါခရီးစဉ်အပြင် အစုအဖွဲ့လိုက် ခရီးစဉ်များဖြစ်သည့် ရန်ကုန်–တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–ရန်ကုန်ခရီးစဉ်၊ ရန်ကုန်–ကျိုင်းတုံ–တာချီလိတ်–ရန်ကုန်ခရီးစဉ်၊ ရန်ကုန်–စစ်တွေ–မြောက်ဦး–ရန်ကုန်ခရီးစဉ်၊ ရန်ကုန်–လားရှိုး–မူဆယ်–ရန်ကုန်ခရီးစဉ်၊ ရန်ကုန်–မန္တလေး–စစ်ကိုင်း–အလောင်းတော်ကဿပ–ရန်ကုန်ခရီးစဉ်နှင့် အခြားသော အပန်းဖြေခရီးစဉ် များဖြစ်သည့် ငပလီ၊ ငွေဆောင်ခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရက်တိုအားလပ်ရက်များတွင် ရန်ကုန်နှင့် အနီးဆုံးသွားရောက်နိုင်သည့် ပဲခူးမြို့ ဘုရားစုံဖူး ခရီးစဉ်နှင့် မိုးယွန်းကြီးအင်းတွင် ငှက်မျိုးစုံကြည့်ရှုလေ့လာခြင်း ခရီးစဉ်တို့ရှိသည်။

ခရီးစဉ်များကို အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့ ဖုန်း–၂၅၂၈၅၉၊ ၃၈၇၀၀၂၊ သတင်းနှင့် ပြန်ကြားရေးဌာနသို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ကယားပြည်နယ်တွင် ကတ္တရာလမ်းနှင့် ရေအားလျှပ်စစ်စက်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁၈ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ် (၃)မိုင် ပကြံစံပြကျေးရွာရှိ ဇေယျာသိဒ္ဓိကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျောင်းဓမ္မာရုံ၌ ကျေးရွာလူထုနှင့်တွေ့ဆုံရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စည်းရုံးရေးမှူး ဦးညေးရယ်က ကျေးရွာလူထုကိုယ်စား ကျေးရွာနှင့်စပ်လျဉ်း၍ တင်ပြပြီး ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တက်ရောက်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့သည် မတ်၁၉ ရက်တွင် (၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ သီတာကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်သည် ဒီမော့ဆိုမြို့နယ် ဝီသဲကူး(တောင်)ရွာသို့ ရောက်ရှိကြပြီး (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၃ ကီလိုဝပ် ရေအားလျှပ်စစ်စက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ လျှပ်စစ်စက်ကို ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် လျှပ်စစ်စက်ကို ကြည့်ရှုကြသည်။

အဆိုပါ လျှပ်စစ်စက်သည် နှစ်ပေမီးချောင်း ၅၀ ထွန်းနိုင်ပြီး ရုပ်မြင်သံကြား ဖမ်းစက်များလည်း အသုံးပြုနိုင်သည်။

လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် နန်းဖယ်ခုံ တိုက်နယ်ဆေးရုံကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဆေးဝါးများနှင့် အလှူငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းသည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၀၅	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅	၇။	အရေးပြိုင်ပွဲ
၈း၂၀	၈။	(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Let's Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice In Reading.
၄း၄၅	၄။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရထားသူများ (၂၀၀၆ ခုနှစ်)
၅း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
၅း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၂၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၅	၈။	သီချင်းကြီးပဒေသာ
၅း၄၅	၉။	**“ဟွန်းသံ” (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)**
၅း၅၀	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅	၁၄။	ရှမ်းပြည်နယ်မြောက်ပိုင်းမှာ အထွက်တိုးဖို့စိုက်ပျိုးတဲ့ရွှေဖြူ (အပိုင်း–၂)
၇း၁၀	၁၅။	တေးဂီတအစီအစဉ်
၇း၂၀	၁၆။	ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
၇း၃၅	၁၇။	(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၄၅	၁၈။	**ပြည်သူ့အတွက်တပ်မတော် “သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ရှေးခေတ် မြန်မာ့တပ်မတော်”**
၈း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**“ရုပ်မြင်သံကြားဇာတ်လမ်း” “သူ့ရဲကောင်းများထွန်းကားသည်” (အပိုင်း–၃) (ကျော်သူ၊ရန်အောင်၊ဒွေး၊ မင်းမော်ကွန်း၊နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊မေသန်းနု၊ မေသဥ္ဇာဦး၊ပန်းဖြူ၊စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ ၁၄ နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ ၃၀ စုစုပေါင်း ၄၄နိုင်ငံတွင် ပြန့်နှံ့ ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ **မြန်မာနိုင်ငံ၏ အခြေအနေ**

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လ ဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှု အချို့ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှတစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ **လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါမြို့နယ် လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ပိတ်ခြင်းနှင့် ကြက်ဘဲ မွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၄။ **ကြက်များတွင်ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ**

(က) ကြက်ငှက်များရုတ်တရက် သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့် နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက် အပျောက်များ ပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ **ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်**

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိချင်း နီးစပ်ရာဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်း (လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင် ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက် အတူထားရှိ မွေးမြူမှုမပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးသူငယ်များအား ဝင်ရောက်မှုမပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်း ဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ် တိ–နိ သာသနာပြုဥပဋ္ဌာကအဖွဲ့ အကျိုးတော်ဆောင် ဗိုလ်ကြီးချစ်ကြွယ်(ငြိမ်း)ဦးဆောင်သော အလှူရှင် ၁၅ဦးတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို ပိဋကတ်နှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံမှ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ထဲရေးဘောလုံးသမားဟောင်းများနှင့် အသစ်များ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၁၈ ရက်က ပြည်ထဲရေးဘောလုံးကွင်းရှာမအလယ်ရပ်ကွက်၌ ကျင်းပရာ နည်းပြဆရာများဖြစ်သည့် ဒုတိယရဲမှူးကြီးကျော်ဖေ(ငြိမ်း)၊ ဒုတိယရဲမှူးကြီးခင်ထွန်း၊ ဆရာဦးဝင်းမောင်(ကာကာကြီး)နှင့် ဆရာဦးစောဦးတို့အား ပူဇော်ကန်တော့ကြစဉ်။ (၆၁)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အလိုင်နီ၊ လဂွမ်းပြင် ရေလှောင်တမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက အလိုင်နီ ရေလှောင်တမံ တည်ဆောက်ပြီးစီးမှု၊ လဂွမ်းပြင် ရေလှောင်တမံသို့ ဆက်သွယ်ရေးမြောင်းဖြင့် ရေကူပေးရန် စီစဉ်ဆောင်ရွက်မှု၊ ဆည်ရေပေးဝေမှု စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပဲခူးတိုင်းဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိုးက တူးမြောင်းမကြီး တည်ဆောက်ပြီးစီးမှု၊ လက်တံမြောင်းများ ဖောက်လုပ်ရန်စီစဉ်ဆောင်ရွက်နေမှု၊ ရန်ကုန်-ပဲခူးကားလမ်း အနောက်ဘက်ခြမ်းရှိ လယ်မြေ ၆၄၄ ဧကကို စိုက်ပျိုးရေပေးဝေမှု၊ ရန်ကုန်-ပဲခူးကားလမ်း အရှေ့ဘက်ခြမ်းရှိ လယ်မြေ ၃၈၀၁ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အလိုင်နီ ရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ စိုက်ပျိုးရေပေးဝေနိုင်မှု၊ ယခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးနိုင်မှု၊ လာမည့်နှစ်အတွက် ပဲခူးတိုင်းအတွင်း စပါးစိုက်ပျိုးရန် နိုင်ငံတော်က လျာထားသတ်မှတ်ချက်အပေါ် အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆည်များ တည်ဆောက်ပြီးစီးသော်လည်း ရေပေးမြောင်းများမပြီး၍ မစိုက်မပျိုးနိုင်ခြင်းမျိုးမဖြစ်ရအောင် ဆည်ပြီးသည်နှင့် ရေပေးမြောင်းများပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလိုင်နီ ရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့ ပြီးစီးသည်မှာ သုံးနှစ်ကျော်ပြီဖြစ်သော်လည်း မြောင်းမကြီးများ၊ လက်တံမြောင်းများပြီးစီးခြင်းမရှိသေး၍ စိုက်ပျိုးရေးအတွက် ပြည့်ပြည့်ဝဝ အကျိုးမပြုနိုင်ကြောင်း၊ ထို့ကြောင့် လာမည့်ဘဏ္ဍာနှစ်တွင် ရေပေးမြောင်းများအပြီးဖောက်လုပ်သွားရန် မှာကြားလိုကြောင်း၊ ဆည်များမှရေပေးဝေနိုင်သည့် စိုက်ပျိုးမြေဧရိယာကိုတွက်ချက်ရာတွင် စိုက်ပျိုးခြင်းမပြုနိုင်သည့်ကုန်းများ၊ ချိုင့်ဝှမ်းများကို နုတ်ပယ်၍ အမှန်တကယ် စိုက်ပျိုးနိုင်ပြီး ရေပေးဝေနိုင်သည့် စိုက်ပျိုးမြေဧရိယာကိုသာ တွက်ချက် စာရင်းပြုစုရန်လိုအပ်ကြောင်း၊ သို့မှသာ ထိုဆည်တမံအတွက် နိုင်ငံတော်က အကုန်အကျခံရမည့်ငွေကြေးပမာဏနှင့် ရရှိမည့်အကျိုးကို မှန်မှန်ကန်ကန် တွက်ချက်နိုင်မည်ဖြစ်ကြောင်း ဖြင့်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အစပ်ရှိ လဂွမ်းပြင်ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

စိုက်ပျိုးရေပေးဝေနိုင်မှု

ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လဂွမ်းပြင်ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ပဲခူးတိုင်းအတွင်းရှိ ရေကြီးနစ်မြုပ်လေ့ရှိသော လယ်မြေများကို ရေလွှမ်းမိုးမှုဘေးမှ ကာကွယ်နိုင်မှု၊ နွေစပါးနှင့် အခြားစိုက်ပျိုးသီးနှံများအတွက် စိုက်ပျိုးရေပေးဝေနိုင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အလိုင်နီနှင့် လဂွမ်းပြင်ရေလှောင်တမံတို့ကို ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေပေးနိုင်ရန်တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း ရည်မှန်းချက်အတိုင်း ရေပေးဝေနိုင်ခြင်းမရှိသေးကြောင်း၊ အဓိကအားဖြင့် ရေပေးဝေသည့်မြောင်းများအချိန်မီပြီးစီးရန်လိုအပ်နေကြောင်း၊ ရေမြောင်းများ၏ အချို့နေရာများ၌ ပြိုပျက်မှုများရှိနေ၍ ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အလိုင်နီနှင့် လဂွမ်းပြင် ရေလှောင်တမံတို့မှ ငမိုးရိပ်လက်တံမြောင်းသို့ ဆက်သွယ်၍ ရေကူရန်မလိုကြောင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေဖြန့်ဝေရေးအတွက်သာဦးစားပေး ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ငမိုးရိပ်ဆည်က စိုက်ပျိုးရေနှင့် ရန်ကုန်မြို့ ရေပေးဝေရေးအတွက် ဆောင်ရွက်ရာတွင် ငမိုးရိပ်ဆည်မှ ရေပို့လွှတ်သည့် မြောင်းမကြီးကို ချဲ့ထွင်လိုက်မည်ဆိုပါက စိုက်ပျိုးရေးအတွက်ရော မြို့ရေပေးဝေရေးအတွက်ပါ အဆင်ပြေသွားမည်ဖြစ်၍ မြောင်းမကြီးချဲ့ထွင်ရေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဆည်မြောင်းဦးစီးဌာနကို အမြန်ညှိနှိုင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြိုကျနေသော ရေပေးမြောင်း အစိတ်အပိုင်းများကို အမြန်ပြန်ပြင်ဆင်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းလွင်ကုန်းရှိ လဂွမ်းပြင် ရေလှောင်တမံ လက်ဝဲမြောင်း လက်တံ(၁)သို့ ရောက်ရှိကြ၍ ရေပေးမြောင်းပြိုကျနေမှုကို ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရေပေးမြောင်းကိုအချိန်မီ ပြင်ဆင်ပြီး ရေပေးဝေရေးအတွက် ဆောင်ရွက်ရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဲမွန်တပ်မြို့ ဝါးနက်ကုန်းကျေးရွာအုပ်စု အင်းထားဝယ်ကျေးရွာအနီးရှိ လဂွမ်းပြင်ရေလှောင်တမံမြောင်းမကြီးသို့ ရောက်ရှိကြ၍ မြောင်းမကြီးအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရဲမွန်တပ်မြို့ လေ့လော့အင်းရထားလမ်းကိုဖြတ်သန်းဖောက်လုပ်မည့် လဂွမ်းပြင်ရေလှောင်တမံ ပင်မမြောင်းမကြီးသို့ရောက်ရှိကြ၍ ကြည့်ရှုစစ်ဆေးရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပင်မမြောင်းမကြီးဖောက်လုပ်ပြီးစီးမှုနှင့်စပ်လျဉ်းကာ ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပင်မမြောင်းမကြီး ဖောက်လုပ်ပြီးစီးရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပဲခူးကားလမ်း အမှတ်(၃) လမ်းမကြီးအနီးရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး ဖောက်လုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးအတွက် လမ်းအူကြောင်းရှာဖွေထားမှုကို ကြည့်ရှုစစ်ဆေးရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်အစပ်ရှိ လဂွမ်းပြင်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ရေစုပ်ပန့်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၁

KOL Global Co., Ltd. ၏ SHAKTI နှင့် VENZ ရေစုပ်ပန့်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ကျင်းပရာ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ KOL Global Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး SHAKTI Submersible Pumpနှင့် ပတ်သက်သည့် အကြောင်းအရာများကိုMr. Ramesh**(အောက်ပုံ)**က လည်းကောင်း၊ VENZ Pump နှင့်ပတ်သက်သည့်အကြောင်းအရာများကို Mr. Natjphan Jirawaranan က လည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြ၍ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

KOL Global Co., Ltd. သည် အိမ်သုံး၊ စက်ရုံသုံး ရေစုပ်ပန့်အမျိုးမျိုးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ပစ္စည်းအမျိုးမျိုး၊ မီးစက်အမျိုးမျိုး၊ ဂေါက်ကွင်းသုံးမြက်ဖြတ်စက်အမျိုးမျိုးတို့ကိုသက်ဆိုင်ရာကုမ္ပဏီများ၏မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တာဝန်ယူဖြန့်ချိရောင်းချသည့်အပြင် စက်တပ်ဆင်စမ်းသပ်လည်ပတ်ခြင်း၊ပြုပြင်ထိန်းသိမ်းခြင်းနှင့် စက်အပိုပစ္စည်း ရောင်းချခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ကုမ္ပဏီနှင့်ဆက်သွယ်လိုပါက အမှတ်(၆၄၆) ရန်ကုန်အင်းစိန်လမ်း လှိုင်မြို့နယ် ဖုန်း- ၅၁၄၈၆၅၊ ၅၁၉၆၇၉နှင့် ၅၀၅၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း-၂၅)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း-၁၅)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

❐ ရောဝတီတိုင်းမှ

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ကျောင်းကုန်းမြို့နယ်၌ ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း နွေစပါးလျာထားဧက ၅၀၀၃၀ အနက် ၂၁၄၄၄ ဧက စိုက်ပျိုးပြီးစီးမှုနှင့် စံကွက်ရိတ်သိမ်းမှု အခြေနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများအား အမှာစကားပြောကြားရာတွင် ရောဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အဓိကအထောက်အကူပြုသည့် တိုင်းကြီးခြောက်တိုင်းတွင် ပါဝင်ရုံသာမက နိုင်ငံတော်၏ စပါးကျီလည်းဖြစ်ကြောင်း၊ သားငါးထုတ်လုပ်မှုကဏ္ဍအပါအဝင် မွေးမြူရေးလုပ်ငန်းများ၌ပါ ဖြစ်ထွန်းအောင်မြင်၍ မြန်မာနိုင်ငံ၏ ဟင်းအိုးကြီးလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရောဝတီတိုင်းအတွင်း မနှစ်က မိုးစပါးဧက ၃၆သိန်း အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧက တစ်သိန်းတိုးပြီး ဧက ၃၇သိန်းစိုက်ပျိုးနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နွေစပါးကိုလည်း ယခုနှစ်တွင် ဧက ၁၂သိန်း စိုက်ပျိုးပြီးဖြစ်ရာ ရာသီကုန်အထိ စိုက်ပျိုးနိုင်သမျှ စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ကျောင်းကုန်းမြို့နယ်အနေဖြင့်လည်း နွေစပါး၊ မိုးစပါးအပါအဝင် အဓိကသီးနှံ ၁၀မျိုးကို လျာထားချက်ပြည့်မီရုံမက ကျော်လွန်အောင်ပါ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် ယခုကတည်းက ကွင်းဆင်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဖြစ်ထွန်းအောင်မြင်နေသော နွေစပါးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်သူဦးငွေကြီး၏ နွေစပါးစိုက်ဧက ၇ ဒသမ ၂၁ ဧကတွင် စိုက်ပျိုးထားသည့် မနောသုခမျိုးစပါး ရိတ်သိမ်းမှု၊ စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကာ၌ ရောရွှေဝါ ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀၀ ပျိုးထောင်စိုက်ပျိုးမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ရောရွှေဝါကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထောပလော်ဖောက ကုမ္ပဏီလီမိတက်၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ဧက ၂၀၀ စိုက်ပျိုးရန်လျာထားမှု၊ မျိုးစုဆောင်းရရှိမှု၊ မျိုးကိုင်းပျိုးပင် ၇၅၇၀၀နှင့် မျိုးစေ့ပျိုးပင် ၅၀၄၆၁ ပျိုးထောင်ပြီးစီးမှု၊ ကုမ္ပဏီ၏ ဧရိယာအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်အပင် ၁၂၀၀ပင် စိုက်ပျိုးပြီးစီးမှု၊ ဧက ၁၅၀၀ အထိ ထပ်မံတိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက နောင်တစ်ချိန်တွင် ကမ္ဘာပေါ်၌ လောင်စာဆီအခက်အခဲပေါ်ပေါက်လာမည့်အရေးကို ကြိုတင်တွေးဆ၍ မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ လွယ်လွယ်ကူကူစိုက်ပျိုးနိုင်ပြီး ဇီဝဒီဇယ်ဆီ ထုတ်ယူ၍ရသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရန် အမြော်အမြင်ကြီးစွာဖြင့် လမ်းညွှန်မြွက်ကြားခဲ့ကြောင်း၊ မိမိတို့နိုင်ငံအတွင်း ဇီဝဒီဇယ်ဆီ ဖူလုံနိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းအလိုက် ဧကငါးသိန်းစီ သုံးနှစ်အတွင်း စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အပင် ၁၂၀၀၊ ၁၃၀၀ စိုက်ပျိုးနိုင်လျှင် ဇီဝဒီဇယ်ဆီ ဂါလန် ၅၀ ထွက်ရှိပြီး ကွန်ပေါင်းဓာတ်မြေသြဇာတစ်တန်ကိုပါ ရနိုင်သည့်အကျိုးရှိ၍ အိမ်တိုင်းအိမ်တိုင်း ခြံစည်းရိုးကြက်ဆူကို စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့သည် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းတို့ကို ပျိုးထောင်စိုက်ပျိုးပေးကြပြီး ကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်တို့သည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချ ကိုင်းထိုးစိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီဖြင့် စက်များမောင်းနှင်အသုံးပြုမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အနောက်တောင်တိုင်းစစ်ဌာနချုပ် စခန်းရုံးက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်း ၁၂၀၀၀ နှင့် မျိုးစေ့ ၆၀၀၀၀ရှိ ကြက်ဆူပင်ပျိုးခြံနှင့် ကြက်ဆူ ၁၀ဧက

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရောရွှေဝါကုမ္ပဏီလီမိတက်တွင် ခြံစည်းရိုးကြက်ဆူပျိုးပင်နှင့် မျိုးစေ့တို့ကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အတွင်း၌ ခရမ်းပင်များရောနှော စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ ပုသိမ်မြို့နယ် ငွေဆောင်–မော်တင်လမ်း (စိန်တောင်လမ်းဆုံ)အနီး၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်က ဆောင်ရွက်နေသည့် ရော်ဘာပျိုးပင်များစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးက တပ်ရင်းတပ်ဖွဲ့များက ပုသိမ်၊ မြောင်းမြနှင့် ဟင်္သာတခရိုင်တို့တွင် နှစ်နှစ်အတွင်း ရော်ဘာဧက ၃၀၀၀စိုက်ပျိုးရန် လျာထားဆောင်ရွက်နေမှု၊ ရော်ဘာပင် ၃၄၆၂၀၆ ပျိုးထောင်ထားရှိမှု၊ ပျိုးပင်များ ထိန်းသိမ်းထားရှိမှု၊ တောခုတ်ရှင်းလင်းပြီး ဇွန်လဆန်းတွင် စတင်စိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှု၊ ယခုနှစ်တွင် ဧက ၁၀၀၀ပြည့်မီအောင် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပျိုးထောင်ပြီး ရော်ဘာပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ် ငွေဆောင်မြို့ရှိ တိုင်းလုပ်ကွက် အမှတ် (၁၁)တွင် ရွှေဝါမြေ စိုက်ပျိုးထုတ်လုပ်ရေးလီမိတက်က ဆောင်ရွက်နေသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းမန်နေဂျာ ဦးရန်အောင်က လုပ်ငန်းပြီးစီးမှု၊ ငွေဆောင်စိုက်ကွင်း (တိုင်းလုပ်ကွက်အမှတ်–၁၁)တွင် ရော်ဘာစိုက်ဧက ၂၅၀၊ ချောင်းသာစိုက်ကွင်း (တိုင်းလုပ်ကွက်အမှတ်–၂)တွင် ရော်ဘာစိုက်ဧက ၁၅၀ စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ မော်တင်စိုက်ကွင်း (တိုင်းလုပ်ကွက်–၁၀)တွင် ဆက်လက်စိုက်ပျိုးရန် မြေပြင်ကွင်းဆင်း တိုင်းတာနေမှု၊ ရော်ဘာပျိုးပင် ၉၅၀၀၀ စုဆောင်းထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အတွက် စက်မှုအခြေခံကုန်ကြမ်းရော်ဘာကို တစ်ဖက်တစ်လမ်းမှ ထုတ်လုပ်ပံ့ပိုးရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စိုက်ပျိုးရန်ကွန်တိုအလိုက် ကျင်းတူးပြင်ဆင်ထားမှုများနှင့် ရော်ဘာပျိုးခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ငွေဆောင်မြို့၌ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ၂၀၀၈ ခုနှစ်အထိ ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၁၆၂၅၀၀ ပြည့်မီ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးစီစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ရောဝတီတိုင်း၌ သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်းစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများအား အမှာစကားပြောကြားရာတွင် စက်မှုလယ်ယာစနစ်ကူးပြောင်းရေးတွင် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော စွမ်းအင်ကဏ္ဍ၌ မြန်မာနိုင်ငံတွင် အလေ့ကျပေါက်ရောက်နေသော ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သော စွမ်းရည်နှင့် နည်းပညာကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်၍ တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း တောင်သူလယ်သမားကြီးများ လွယ်လင့်တကူ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး အသုံးဝင်မှုတန်ဖိုးကြီးမားလှသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြီးမားသော ရည်မှန်းချက်များထားလျက် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သွားကြရန် လမ်းညွှန်မှာကြားထားကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် အလုံးအရင်းဖြင့် စိုက်ပျိုးသွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးကြပြီး ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်ထားသည့် ဇီဝဒီဇယ်ဆီဖြင့် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်သရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ငွေဆောင်မြို့၌ ရပ်နားကြသည်။

(သတင်းစဉ်)

ဥက္ကလာပစေတီတော် ရွှေသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် မတ် ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီးသည် ၁၉၉၀ ပြည့်နှစ်မှစ၍ တည်ထားပူဇော်သော စေတီတော်ကြီးဖြစ်ပြီး ကပ်လှူပူဇော်ထားသော ရွှေသင်္ကန်းများမှာ ၁၆နှစ်မျှ ကြာမြင့်ပြီဖြစ်၍ ရွှေရောင်မှေးမှိန်ပျက်ပြယ်နေသဖြင့် ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်နေသဖြင့် ၁၆နှစ်ကြာမှ ပေါ်ပေါက်သော ကုသိုလ်ကြီးခဲ အလှူပွဲကြီးကို ရဟန်းရှင်လူပြည်သူများ သဒ္ဓါအားရှိသရွေ့ ပါဝင်လှူဒါန်းနိုင်ကြသည်။

(သတင်းစဉ်)

အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့် ဝက်စ်ဟမ်းအသင်းက မန်စီးတီးကို အနိုင်ရ

လန်ဒန် မတ် ၂၁

အင်္ဂလိပ်အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့် ဘောလုံးပြိုင်ပွဲကို တနင်္လာနေ့က ကျင်းပရာတွင် ဝက်စ်ဟမ်းယူနိုက်တက်အသင်းက မန်ချက်စတာစီးတီးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဝက်စ်ဟမ်းအသင်းက အသင်းပြောင်းရွှေ့ကြေး စံချိန်တင်ပေးကာ ရရှိခဲ့သည့် ဒင်းန်အက်ရှ်တန် တစ်ဦးတည်း နှစ်ဂိုးသွင်းယူကာ ဝက်စ်ဟမ်းအသင်းကို အကြိုဗိုလ်လုပွဲအဆင့်သို့ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ အက်ရှ်တန်သည် ပြီးခဲ့သည့် ဇန်နဝါရီလက အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ခုနစ်သန်းဖြင့် နော့ဝစ်ချ် စီးတီးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ရွှေ့ပြောင်းလာခဲ့သူဖြစ်သည်။



မတ်၂၀ရက်က အင်္ဂလန် မန်ချက်စတာမြို့ရှိ အားကစားကွင်းတွင် ကျင်းပသော အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲ၌ ဝက်စ်ဟမ်းအသင်းမှ နိုင်ဂယ်ရီယိုကိုကာက မန်ချက်စတာစီးတီးအသင်းမှ ရိုက်ဖီးလစ်၏ ခြေတွင် ရှိနေသောဘောလုံးကို လျှောချဖျက်ထုတ်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တိုက်စစ်မှူး အက်ရှ်တန်သည် ပထမပိုင်း မပြီးဆုံးမီမှာပင် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၎င်း၏ဒုတိယမြောက်ဂိုးကို ပွဲချိန် ၆၉မိနစ်တွင် ရရှိခဲ့သည်။ အက်ရှ်တန်၏ ခြေစွမ်းပြမှုနှင့်အတူ ဝက်စ်ဟမ်းအသင်းသည် ၁၉၉၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ထုတ်ပယ်ခံရ

မန်စီးတီးအသင်း၏ နောက်တန်းလူ ဆန်းဂျေဟိုင်သည် ဝက်စ်ဟမ်းအသင်းမှ မက်သူအီသရင်တန်ကို လက်ဖြင့် တွန်းမှုအတွက် ပွဲချိန် ၅၆မိနစ်တွင် တိုက်ရိုက်အနီကဒ်ပြကာ ထုတ်ပယ်ခံရသည်။

ပွဲပြီးဆုံးရန် ငါးမိနစ်အလိုတွင် မန်စီးတီးအသင်းမှ ကွန်ဂိုလူမျိုး ကွင်းလယ်ကစားသမား ကီကီမူဆမ်ပါက ဧရိယာ အပြင်မှနေ၍ ဝဲခြေထောက်ဖြင့် မြေမကျဘောကန်သွင်းကာ ချေပတစ်ဂိုး ဂိုးသွင်းနိုင်ခဲ့သည်။ ***အင်တာနက်။***

မူးယစ်ဆေးဖြတ်ပြီးသူများ စောင့်ရှောက်ရေး ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၁

လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဌာနနှင့် UNODC တို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်းအတွင်း မူးယစ်ဆေးဖြတ်ပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမတွင် စတင်ကျင်းပသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် UNODC မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချွန်ဟရဲ၊ စီမံကိန်းနှင့် စာရင်းအင်းဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန်တို့က ဆွေးနွေးကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းအလုပ်အမှုဆောင်များ၊ မူးယစ်ကြီးကြပ်ရေးမှူးများ စုစုပေါင်း ၂၀ ဦးတက်ရောက်ကြသည်။ ဆွေးနွေးပွဲကို မတ် ၂၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက အလှူငွေနှင့်စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် မတ် ၂၁

ကျေးလက်ပြည်သူများ အသိဉာဏ် ဗဟုသုတတိုးတက်မြင့်မားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့် အလေ့အထ ပွားများလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် သရက်ချောင်း စံပြကျေးရွာရှိ ဒက္ခိဏာရုံ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါကျေးရွာရှိ မနောသိဒ္ဓိ ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးက စာကြည့်တိုက်အတွက် အလှူငွေကျပ် ငါးသောင်းနှင့် စာအုပ်မျိုးစုံ ၁၄၉၃အုပ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စာအုပ်မျိုးစုံ အုပ်ရေ ၃၀၀၊ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရေဒီယို ကက်ဆက်တစ်လုံးနှင့် စာအုပ်မျိုးစုံ အုပ်ရေ ၆၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က အလှူငွေ ကျပ် နှစ်သောင်းနှင့် စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စာအုပ်မျိုးစုံ ၇၄အုပ်၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါ်မြမြဝင်းက စာအုပ်မျိုးစုံ အုပ်ရေ ၁၂၀၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေ ကျပ် တစ်သောင်းနှင့် တိုင်ကပ်နာရီ တစ်လုံး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ်နှစ်သောင်းနှင့် ကျေးရွာရပ်မိရပ်ဖတို့က အလှူငွေကျပ် ရှစ်သောင်း၊ စုစုပေါင်း စာအုပ်မျိုးစုံ ၂၆၈၇အုပ်နှင့် အလှူငွေကျပ် နှစ်သိန်းတစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ သရက်ချောင်း စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မှတ်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ဒက္ခိဏာရုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် သရက်ချောင်းစံပြကျေးရွာရှိ ဒက္ခိဏာရုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် သရက်ချောင်း စံပြကျေးရွာရှိ ဒက္ခိဏာရုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ အလှူငွေ ကျပ် ငါးသောင်းနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လေးပွင့်ဆိုင် ခြေစမ်းဘောလုံးပွဲပြီးစီး အဆင့်မြင့်တန်း ကွင်းပိတ်ပွဲဆက်ကျင်းပမည်

ရန်ကုန် မတ် ၂၁

အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အသင်းနှင့် သက်တန်းအလိုက် လူငယ်လက်ရွေးစင် အသင်းများ ရွေးချယ်ဖွဲ့စည်းရန် ကျင်းပသည့် လေးပွင့်ဆိုင် အထူးခြေစမ်းပွဲ နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်းတွင် ဆက်လက်ကျင်းပရာ (၂၃)နှစ်အောက် လက်ရွေးစင်အသင်းနှင့် (၂၃)နှစ်အထက် လက်ရွေးစင်အသင်းတို့ သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

(၂၃)နှစ်အောက်
လက်ရွေးစင်အသင်း သုံးဂိုး
(ကျော်ဇင်ဝင်း၊ မာလနှင့်
ကျော်ဒွန်း တစ်ဂိုးစီ)

(၂၃)နှစ်အထက်
လက်ရွေးစင်အသင်း သုံးဂိုး
(ကျော်ခိုင်ဝင်း(ပယ်နယ်တီ)
အောင်ကျော်မိုးနှင့်
တင့်နိုင်ထွန်းသိန်း-တစ်ဂိုးစီ)

ဒိုင်လူကြီး ဦးကိုကိုနိုင်

လေးပွင့်ဆိုင် ခြေစမ်းပွဲတွင် ခြေထက်နေသည့် ၂၃နှစ်အထက် အသင်းနှင့် တစ်ပွဲထက်တစ်ပွဲ ကစားကွက် ပိုမိလာသည့် ယူ-၂၃အသင်းတို့ ဂိုးအပြိုင်အဆိုင် သွင်းယူကြပြီး သုံးဂိုးစီဖြင့် သရေပွဲ ဖြစ်သွားသည်။ ပထမပိုင်းတွင် ယူ-၂၃အသင်းက ကစားကွက်မိမိဖြင့် ကစားနိုင်ပြီး ဂိုးများသွင်း ယူနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ကွင်းလယ်ကစားကွက်ပျောက်ပြီး ကစားကွက်ပျက်သွားရာ အချိတ်အဆက်မိမိဖြင့် ကစားလာနိုင်သည့် ၂၃နှစ်အထက်အသင်းက ချေပဂိုးများ ပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် ယူ-၂၃အသင်း သုံးဂိုးပြတ် နိုင်နေရာမှ သရေဖြစ်သွားခြင်းဖြစ်သည်။

ပါဝင်ကစား

(၂၃)နှစ်အောက် လက်ရွေးစင်အသင်းတွင် ဂိုး-ကျော်မင်းလှိုင် (ဖြိုးမင်းမောင်)၊ နောက်တန်း-အောင်ထွန်းလင်း၊ ကျော်ဇေယျာမင်း၊ မိုးဝင်း၊ ကျော်ဇေယျာဝင်း၊ အလယ်တန်း-မျိုးမင်းထွန်း၊ စိုးသီဟအောင်၊ နေဝင်း (ဝင်းမင်းထွဋ်)၊ ကျော်ဒွန်း(ဇော်ဇော်)၊ ခင်မောင်ထွန်း၊ ရှေ့တန်း-ကျောင်ဇင်ဝင်း(မင်းမင်းထွန်း)နှင့် မာလ(ဆန်းဒေးသိန်း)တို့ ပါဝင်ကစားသွားကြပြီး (၂၃) နှစ်အထက် လက်ရွေးစင်အသင်းတွင် ဂိုး-အောင်အောင်ဦး (ကိုကိုအောင်)၊ နောက်တန်း-မင်းသူ၊ အောင်ကျော်မိုး၊ ထွန်းထွန်းနောင်၊ အောင်ကျော်မြင့်၊ သက်နိုင်စိုး၊ အလယ်တန်း-ဇော်လင်းထွန်း-၂၊ ကျော်ခိုင်ဝင်း၊ တင့်နိုင်ထွန်းသိန်း၊ အောင်မြင့်အေး၊ ရှေ့တန်းတွင် စန်းမောင်၊ လာကျဲအိုလွယ်နှင့် မျိုးလှိုင်ဝင်းတို့ ပါဝင်ကစားသွားကြသည်။

(၂၃)နှစ်အောက် လက်ရွေးစင် တိုက်စစ်မှူး မင်းမင်းထွန်းနှင့် (၂၃)နှစ်အထက် လက်ရွေးစင် နောက်ခံလူ ထွန်းထွန်းနောင်တို့ လေထဲမှဘောလုံးကို ခေါင်းယှဉ်တိုက်ကြစဉ်။ (ကြေးမုံ)

ယနေ့ပွဲမရှိ

၂၃-၃-၂၀၀၆
ညနေ ၃နာရီ ၄၅မိနစ်
အောင်ဆန်းကွင်း
အဆင့်မြင့်တန်း
ကွင်းပိတ်ရှုံး/ထွက်ပြိုင်ပွဲ
ပို့ဆောင်ရေးနှင့် လယ်/ဆည်
(ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၁

ဒေါက်တာဦးအေးထွန်း (မျက်စိအထူးကု ဆရာဝန်ကြီး)သည် မတ် ၁၉ရက် မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း) တွင် ဂေါက်သီးရိုက်ကစားစဉ် အကွာအဝေးအဝေး ၁၅၅ ကိုက်ရှိ ကျင်းအမှတ် (၁၁)၌ Ping 350 Series Iron 6 တုတ်ဖြင့် 10 Precept MC ဘောလုံးကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်သည့် ဦးစိုးမင်းဦး၊ ဦးရန်ငယ်နှင့် ဦးမောင်အိ တို့အတူ ကစားခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

မင်းကင်းမြို့နယ် စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

မင်းကင်း မတ် ၁၅

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်အတွင်း ဖွင့်လှစ်ပြီး စာကြည့်တိုက်များသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းရွှေနှင့် ဇနီး ဒေါ်ခွဲ့ခွဲ့ဝင်းမိသားစု၏ စာအုပ်မျိုးစုံလှူဒါန်းပွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မင်းရာဇာခန်းမ၌ ဖေဖော်ဝါရီ ၂၈ရက် မွန်းတည့် ၁၂နာရီက ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနား၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုတိယရဲမှူးကြီး ခင်မောင်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးငွေဝင်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်များသို့ မဂ္ဂဇင်းမျိုးစုံ ၂၈၆အုပ်၊ ဂျာနယ်မျိုးစုံ ၁၂၂အုပ်၊ သုတရသစာအုပ်မျိုးစုံ ၁၆၂အုပ် စုစုပေါင်း စာအုပ် ၅၇၀ လှူဒါန်းသည်။ **(အပေါ်ပုံ)** (က-ပ)

ဂုဏ်ပြုပူဇော်ပွဲနှင့် သီကွာထပ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လွှတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့ ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုပ္ပားကျောင်း နာယကဘဒ္ဒန္တ ပဏ္ဍိစ္စအား မန္တလေးတိုင်း တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၊ နတ်စဉ်ကျေးရွာ၊ တောင်ဘို့သာကျေးရွာ၊ အုန်းပင်ကျေးရွာတို့မှ ဒါယကာ၊ ဒါယိကာမများက သစ်ဆိမ့်ပင် ရာပြည့်ကျောင်း၌ တန်ခူးလဆန်း ၆၊ ၇ရက်တွင် ဂုဏ်ပြုပူဇော်ပွဲနှင့် ရန်ကုန်မြို့ ကမာရွတ် လှည်းတန်းဈေး သီဂီစတိုး (ဦးကာလူး)-ဒေါ်နီ၊ သမီး ဒေါ်လှလှရီ မိသားစုတို့က သိက္ခာကံထပ်ပွဲ ကျင်းပမည်ဖြစ်သည်။ (က-ပ)

တာမွေမြို့နယ် (၁၅၅)လမ်း၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း တာမွေမြို့နယ် (က/ဂ) ရပ်ကွက် (၁၅၅)လမ်း၌ ယမန်နေ့ နံနက်ပိုင်းတွင် မီးလောင်မှုဖြစ်ပွားရာ တာမွေမြို့နယ်မီးသတ်တပ်ဖွဲ့က အချိန်မီ သွားရောက် မီးငြိမ်းသတ်ခဲ့ကြောင်းသိရှိရသည်။

ဖြစ်ပွားပုံမှာ ရန်ကုန်တိုင်း တာမွေ မြို့နယ် (က/ဂ) ရပ်ကွက် (၁၅၅)လမ်း အမှတ် (၉၀)ရှိ အိမ်ရှင်ဦးရဲသူရ၏ နေအိမ်၌ နံနက် ၁၁နာရီ ၂၅မိနစ်တွင် ဓာတ်ဆီလဲလှယ်ထည့်ရာမှ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တာမွေမြို့နယ် မီးသတ်ဦးစီးဌာနက မီးသတ်ယာဉ်သုံးစီးဖြင့် အချိန်မီသွားရောက် ငြိမ်းသတ်ခဲ့ရာ ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ နံနက် ၁၁နာရီ ၃၇မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မျက်နှာကြက်အနည်းငယ်သာ လောင်ကျွမ်းပြီး ဆုံးရှုံးမှုအနည်းငယ်မျှသာရှိသည်။ (သတင်းစဉ်)

ဆည်ပြီးသည်နှင့် ရေပေးမြောင်းများ ပြီးစီးအောင်ဆောင်ရွက်ရန်လို

ဆည်များမှရေပေးဝေနိုင်သည့် စိုက်ပျိုးမြေဧရိယာကို တွက်ချက်ရာတွင် အမှန်တကယ်စိုက်ပျိုးနိုင်ပြီး ရေပေးနိုင်သည့် ဧရိယာကိုသာ တွက်ချက်ပြုစု သို့မှသာ ထိုဆည်တမံအတွက် နိုင်ငံတော်ကအကုန်အကျခံရမည့်ငွေကြေး ပမာဏနှင့် ရရှိမည့်အကျိုးကို မှန်မှန်ကန်ကန်တွက်ချက်နိုင်မည်

ရန်ကုန် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အလိုင်နီ ရေလှောင်တမံနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးမြို့နယ်အစပ်ရှိ လဂွမ်းပြင် ရေလှောင်တမံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် အင်းတကော်စက်မှု နယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်း စက်ရုံဖွင့်ပွဲအခမ်းအနားတို့ကို တက်ရောက်ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ မွန်းလွဲ ၁၂နာရီ၄၅မိနစ်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ကြံခွဲကျေးရွာအနီးရှိ အလိုင်နီ ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းလွင်ကုန်းရှိ လဂွမ်းပြင်ရေလှောင်တမံ လက်ဝဲမြောင်း လက်တံ (၁)ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်း မနှစ်က မိုးစပါးဧက ၃၆သိန်း စိုက်ပျိုးနိုင်ခဲ့ ယခုနှစ်တွင် ဧက ၃၇သိန်း စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုး တိုးတက်မှုများ၊ နွေစပါးရိတ်သိမ်းမှုများနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှုများ အပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး နံနက် ၉ နာရီတွင် ကျောင်းကုန်းမြို့နယ် ရောင်ပြစ်ကွင်းကျေးရွာအုပ်စု၌ ကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ စာမျက်နှာ ၁၂ကော်လံ ၁ သို့ ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၁)နှစ်မြောက်
တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို
ကဗျာ၊ ဆောင်းပါးအညွှန်း

☆ *တပ်မတော်သည် တစ်မျိုးသားလုံးအတွက် အမျိုးသားနိုင်ငံရေးကို ရှေးရှုဆောင်ရွက်နေသည်။ ယနေ့ကာလတွင် တပ်မတော်သည် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို မမှိတ်မသုန်ခံယူကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။*

သန်းသန်းနု၏ **“သမိုင်းအစဉ်အလာ ကြီးမားသော မျိုးချစ်တပ်မတော်”** ဆောင်းပါး(စာမျက်နှာ-၃)

☆ ဖိုးရန်နိုင်(ကျောက်ကြီး)၏ ***“ဦးထိပ်ရွက်လျက် ချီတက်မည်”*** ကဗျာ (စာမျက်နှာ-၃)

ထူးခြားသည့် နေ့အပူချိန်များ

(၂၁-၃-၂၀၀၆)

နေပြည်တော်	၄၀ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၃၈ဒီဂရီစင်တီဂရိတ်
မန္တလေး	၄၀ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁ဒီဂရီစင်တီဂရိတ်